# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၄၈)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ၈-၈-၂၀၂၄၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ⟶

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၈ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာ အညွှန်း


**တစ်လခန့် အချိန်ကာလအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲတန်ချိန် တစ်သိန်းကျော် တင်ပို့**

စာမျက်နှာ ၁၃

**ဇာတိကို တန်ဖိုးထားသူတို့ရဲ့ မနောဓာတ် (ဆောင်းပါး)**

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ သောကြာနေ့။

မန္တလေး

# အချိန်ကို တန်ဖိုးထားရမည်

လူ့ဘဝသည် အချိန်အကန့်အသတ်အောက်တွင် ရှင်သန်နေရသည်။ မွေးဖွားသည်မှ သေဆုံးသည်အထိ လူ့ဘဝကာလအပိုင်းအခြားသည် အချိန်တိုတိုလေးပင်ဖြစ်သည်။ ထိုတိုတောင်းသောကာလတွင် လူ့ဘဝရခဲ့သည့် မိမိအသက်ကို စောင့်ရှောက်ရမည်။ ကျန်းမာအောင်နေရမည်။ အသက်ရှင်သန်ရန် လှုပ်ရှားရုန်းကန်ရမည်။ အချိန်ကို တန်ဖိုးထားရမည်ဖြစ်သည်။

ငွေကြေးဥစ္စာတို့သည် တန်ဖိုးရှိကြ၏။ ထိုတန်ဖိုးသည် ထင်ရှား၏။ မြင်လည်းမြင်သာ၏။ ထိုတန်ဖိုးများလောက် ထင်ရှားစွာ မမြင်နိုင်သော အလွန်တန်ဖိုးရှိသောအရာမှာ အချိန်ဖြစ်သည်။ အချိန်၏ ရွေ့လျားမှုကို အချိန်နှင့်အမီ မလိုက်နိုင်ဘဲ ရပ်တန့်နေလျှင် ထိုသူ၏ဘဝသည် တိုးတက်မည်မဟုတ်ပေ။ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟူသော စကားလည်းရှိသည်။ ရရှိထားသောအချိန်ကိုသာ လုံ့လစိုက်ထုတ်ကြိုးပမ်းနေသူသည်သာ ဘဝ၏ ရည်မှန်းချက်ကို ရောက်ရှိနိုင်မည်။ "ဆုံးရှုံးပြီးသော တစ်မိနစ်ကို မကုန်ဆုံးနိုင်သော ထာဝရအချိန်သမုဒ္ဒရာကြီးသည် အစားထပ်၍ မပေးနိုင်" ဟု စာရေးဆရာ ပီမိုးနင်းကဆိုခဲ့သည်။ ငယ်ရွယ်စဉ်အခါတွင် ကာယအား၊ ဉာဏအားနှင့် ပြည့်စုံပြီး စိတ်သွားတိုင်းကိုယ်ပါနိုင်သည့် အခြေအနေတွင် အသိပညာ၊ အတတ်ပညာတို့ကို သင်ယူခြင်းဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးပြုနိုင်မည်ဖြစ်သည်။

အချိန်သည် စဉ်ဆက်မပြတ်ရွေ့လျားနေသည်။ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း၌ အဆက်မပြတ်ပြောင်းလဲရွေ့လျားနေသည်။ လူ့ဘဝသည်လည်း အချိန်အကန့်အသတ်အောက်တွင် ရှင်သန်နေရသည်။ လူ့ဘဝတွင် အောင်မြင်တိုးတက်မှုကို ရရှိသူသာ လူဖြစ်ရကျိုးလည်းနပ်မည်သာဖြစ်သည်။ တန်ဖိုးရှိသောလူ အဓိပ္ပာယ်ရှိသော လူသားတစ်ဦးဖြစ်လာစေရန် အောင်မြင်မှုရယူဖို့အတွက် သေတစ်ပန်သက်ဆုံး ကြိုးပမ်းရမည်ဖြစ်သည်။ သို့မှသာ ဘဝ၏ အဓိပ္ပာယ်သည် ပိုမိုပြည့်စုံလာပေမည်။ ထိုက်တန်သောအချိန် ရင်းနှီးမှုမရှိဘဲ မည်သည့်အရာမဆို လွယ်လွယ်ဖြင့် မရနိုင်။ မသွားပါဘဲ ခရီးမရောက်နိုင်သလို ကြိုးစားမှုမရှိဘဲ အောင်မြင်မှုမရနိုင်ပါ။

မြတ်စွာဘုရားသည်ပင် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရနိုင်ဖို့အတွက် သုမေဓာရှင်ရသေ့ဘဝ၌ ဘုရားဆုကိုပန်ဆင်ကာ အစပြုပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ဆည်းခဲ့ရသည်။ ဘုရားဖြစ်သည့် ဘဝ၌ပင်လျှင် ဒုက္ကရစရိယ ခြောက်နှစ်တိုင်တိုင် မလျှော့သော ဖွဲလုံ့လဖြင့် အချိန်ကို တန်ဖိုးထားကျင့်ကြံအားထုတ်ပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရယူခဲ့ခြင်းဖြစ်သည်။ မလျှော့သော ဖွဲလုံ့လနှင့် အချိန်ကို တန်ဖိုးထားခြင်းဖြင့် ကြံတိုင်းအောင်သော သာဓကပင်ဖြစ်ပါသည်။ လောကတွင်လည်း ဖွဲလုံ့လကင်းသူတို့၏နေရာတွင် ဖွဲလုံ့လရှိသူတို့က ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ နောက်ဆုံးတွင် ဖွဲလုံ့လရှိသူ အချိန်ကို တန်ဖိုးထားသူတို့သည် အထွတ်အထိပ်သို့ ရောက်ရှိသွားကြောင်း သာဓကများစွာရှိသည်။

သို့ဖြစ်ရာ လူတစ်ဦးချင်း ဘဝတည်ဆောက်မှုမှ အောင်မြင်ခြင်းဟူသော အသီးအပွင့်များ ဝေဆာစေရန် အချိန်ကို တန်ဖိုးထားခြင်းဖြင့် ဖွဲ၊ လုံ့လ၊ ဝီရိယ ဟူသော ပင်စည်စိုပြည်ဖွံ့ဖြိုးလာမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ရှိ ဝန်ထမ်းများအား မြန်မာ့အာမခံလုပ်ငန်းမှ အသက်အာမခံဆိုင်ရာအကြောင်း အသိပညာပေးဆွေးနွေး

**မန္တလေး ဩဂုတ် ၈**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ရှိ ဝန်ထမ်းများအား မြန်မာ့အာမခံလုပ်ငန်းမှ အသက်အာမခံဆိုင်ရာအကြောင်း အသိပညာပေးဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ရှိ သီရိရတနာခန်းမတွင် ကျင်းပသည်။





အဆိုပါ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံအရာရှိများ၊ ဌာနခွဲ၊ ဌာနစိတ်တာဝန်ခံများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ မြန်မာ့အာမခံလုပ်ငန်းမှ တိုင်းမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာ့အာမခံလုပ်ငန်း၊ တိုင်းမန်နေဂျာ ဒေါ်နီနီအေးက မြန်မာ့အာမခံလုပ်ငန်းအကြောင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ အသက်အာမခံဆိုင်ရာအကြောင်း အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်းနှင့် အသက်အာမခံနှင့်ပတ်သက်၍ သိလိုသည်များကိုလည်း ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)



## လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အသိပညာ ဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။

(အပေါ်ပုံ)

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြား၍ "လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ် တန်ဖိုးမြှင့်တင်ပေးရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ တိုးတက်လာစေရန် လူငယ်စကားဝိုင်းများကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade-10 ကျောင်းသား မောင်သန့်စင်ညီမ်းက "ကျား/မ တန်းတူညီမျှရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသူ မရွှေစင်ထွန်းက "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မဖူးပြည့်စုံဦးက "လူငယ်နှင့် အနုပညာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မဇွန်ဖူးဝေက "လူငယ်နှင့် ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

၄င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းပြီးနောက် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ အမှတ်(၃၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## အသက်(၂)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများတိုက်ကျွေး

**ကျောက်ဆည် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများတိုက်ကျွေးခြင်းကို ယနေ့ နံနက် ၁၁ နာရီက မင်းရပ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ်နေ့ရက်များ သတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို မြို့နယ်အတွင်းရှိ အသက်(၂)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်း ဆရာမများက အဖွဲ့ခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ကျောက်ဆည် ပြန်/ဆက်)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

○ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

»»» စာမျက်နှာ ၂၄ မှ

အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆု၊ အကောင်းဆုံးအလယ်တန်း အားကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိကြသူများကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကောင်စီဝင် ဒေါက်တာမှုထန်က စတုတ္ထဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို လည်းကောင်း၊ ကောင်စီဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ကောင်စီဝင် ဒေါ်ဒွဲဘူက ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် စတုတ္ထဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းမှ အားကစားသမားများက ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် အများပြည်သူလေ့လာနိုင်ရန် ရှားပါးပရဆေးပင်များ စိုက်ပျိုးပြသ

နေပြည်တော် ဩဂုတ် ၈

**ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ညနေပိုင်းက နေပြည်တော်၊ အမျိုးသားပရဆေးဥယျာဉ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆေးဖက်ဝင်ပရဆေးပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်တွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ငှက်ဖျားရောဂါ၊ အဆုတ်(တီဘီ)ရောဂါ စသည့် မြန်မာနိုင်ငံ၌ အဖြစ်များသော ရောဂါကြီး(၆)မျိုးနှင့် သက်ဆိုင်သော ပရဆေးပင်များကို အဓိက စိုက်ပျိုးပြသထားမှုနှင့် မိမိတို့ဝန်ကြီးဌာနက ငှက်ဖျားနှင့် အဆုတ်(တီဘီ) ရောဂါကြီး (၂)မျိုးနှင့် သက်ဆိုင်သော ပရဆေးပင်များ၊ တိုင်းဒေသကြီး ပြည်နယ်အလိုက် ရှားပါးပရဆေးပင်များကို စိုက်ပျိုးပြသထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနက တာဝန်ယူစိုက်ပျိုးပြသထားသည့် ပရဆေးပင်များကို စိုက်ကွက်ပြကွက်တစ်ခုချင်းအလိုက်သတ်မှတ်ထားသော အမျိုးအစားများကို အဆင့်မီစိုက်ပျိုးပြသနိုင်ရေး ပြုပြင်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးပညာတတ်ကျွမ်းသူများက စီမံဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်စိုက်ခင်းများ၊ ပြကွက်များဖြစ်အောင်စီမံသွားရန်၊ တိုင်းရင်းဆေးဝါးပင်နှင့် ပတ်သက်သော ဗဟုသုတများကို တစ်နေရာတည်းတွင် ပြည်သူများ စုံစုံလင်လင် လေ့လာနိုင်ကြစေရန်နှင့် ရာသီအလိုက် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် နေ့စဉ် စားသုံးနေသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပင်များကို သတိပြုနိုင်အောင် စိုက်ပျိုးပြသခြင်းအပြင် ငှက်ဖျားနှင့် အဆုတ်(တီဘီ) ရောဂါများနှင့်ဆိုင်သော ပရဆေးပင်တစ်မျိုးချင်း၏ သိမှတ်ဖွယ်ရာများပါ စုဆောင်းဖော်ပြသည့် လက်ကမ်းစာစောင်များ ထုတ်ဝေရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပရဆေးဥယျာဉ်အတွင်း ဝန်ကြီးဌာနမှ စိုက်ပျိုးပြသထားသည့် ငှက်ဖျားရောဂါပျောက် တိုင်းရင်းပရဆေးပင်များ၊ အဆုတ်(တီဘီ) ရောဂါပျောက် တိုင်းရင်းပရဆေးပင်များ၊ တိုင်းဒေသကြီး ပြည်နယ်များမှ စုဆောင်းထားရှိသော ပရဆေးပင်များ၊ ဆေးဖက်ဝင်သစ်ခွနှင့် ဂမုန်းပင်များ ၊ ရာသီစာသီးနှံပင်များ ၊ နှစ်ရှည်ပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## ၂၀၂၄ ပါရီ အိုလံပစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ ကြေးတံဆိပ်ဆုကို မော်ရိုကို အသင်းဆွတ်ခူး

၂၀၂၄ ပါရီ အိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၉ နာရီ ၃၀ မိနစ်အချိန်က အီဂျစ်အသင်းနှင့် မော်ရိုကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်ရိုကိုအသင်းက အီဂျစ်အသင်းအား ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကြေးတံဆိပ်ဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ယခုပွဲစဉ်တွင် နှစ်ဖက်အသင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ကစားခဲ့ကြသည်။ မော်ရိုကိုအသင်းကသာ အီဂျစ်အသင်းဘက်ကို တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲစဉ်ပြီးဆုံးချိန်တွင် ဂိုးပြတ်အနိုင်ရယူကာ ကြေးတံဆိပ်ဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မော်ရိုကိုအသင်းအတွက် သွင်းဂိုး ခြောက်ဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် အဲဇက်စ်ဇိုလီ၊ ပွဲချိန် ၂၆ မိနစ်နှင့် ၆၄ မိနစ်တွင် ရာဟီမီ၊ ပွဲချိန် ၅၁ မိနစ်တွင် ဘီလာ၊ ပွဲချိန် ၇၃ မိနစ်တွင် နာ့စ်ခါ့စ်၊ ပွဲချိန် ၈၇ မိနစ်တွင် ဟာကီမီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ (NGB)



# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

နေပြည်တော် ဩဂုတ် ၈

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကိုယ်ကျိုးစွန့်၍ ကာကွယ်စောင့်ရှောက်ပေးနေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းများနှင့် မိသားစုများ၊ **စေတနာရှင် အလှူရှင်များက** အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

**သွားရောက်လှူဒါန်း**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာမေတ္တာအပြည့်ဖြင့် ရှေ့တန်းမြေသို့ ပေးပို့နိုင်ရေးအတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ စည်သွတ်အသား/ ငါး စုစုပေါင်း ၄၃၅၇ ဘူးအား ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းနိုင်ရန် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် ကိုယ်တိုင်စုပေါင်းချက်ပြုတ်ကြော်လှော်ပြီး ပြင်ဆင်ထုပ်ပိုးနေမှုများကို ဩဂုတ် ၅ ရက်က ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

အလုပ်သမား ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စည်သွတ်ဘူး (ငါးကြင်းပဲငါးပိပေါင်း၊ ငါးဆုပ်ဟင်း၊ ဆိတ်သားဟင်း)ဘူး၁၂၀၀၊ဆာဒင်းငါးသေတ္တာဘူး ၄၀၀၊ ငါးရံ့/ ကြက်သားဆန်ပြုတ်အထုပ် ၈၀၀၊ ရှူးရှဲလက်ဖက်ထုပ် ၈၀၀၊ ကိုယ်တိုက်ဆပ်ပြာတုံး ၄၀၀၊ ငွေးသီးငါးပိချက်ထုပ် ၄၀၀၊ ငါးပိရည် ၄၀၈ ထုပ်၊ ပုစွန်ငါးပိထောင်းဘူး ၄၀၀၊ အာပုံခြောက်ကြော်ထုပ် ၄၀၀၊ ပုံးရည်ကြီးထုပ် ၄၀၀၊ ချိုချဉ်ထုပ် ၄၀၀၊ ဆေးလိပ်ဆေး ပိဿာ ၃၀၊ သွားတိုက်ဆေး/သွားတိုက်တံအစုံ ၄၀၀၊ တစ်ခါသုံး မုတ်ဆိတ်ရိတ်ဓား ၁၆၀၀၊ ကြယ်နီ ဆေးလိပ် ၈၀၀၀ နှင့် ဝန်ထမ်းမိသားစုများ ကိုယ်တိုင်ချက်ပြုတ် ကြော်လှော်ထားသည့် ဗာလချောင်ကြော် ပိဿာ ၄၀ စုစုပေါင်းငွေကျပ် သိန်း ၁၃၀ ခန့် တန်ဖိုးရှိပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ရေး စီစဉ်ဆောင်ရွက်ကြပြီး အဆိုပါ စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများက "နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို အသက်ပေးကာကွယ်စောင့်ရှောက်နေကြတဲ့ ရှေ့တန်းရောက် တပ်မတော်သားများ အားလုံး ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းဝေးပါစေ၊ တရားသောစစ်ဆင်နွှဲနေတဲ့ တပ်မတော်သားများ အားလုံး အိမ်ပြန်လာမည့်နေ့ကို မိသားစုတွေနှင့်အတူ အောင်သပြေပန်းနှင့် ကြိုဆိုနေပါ့မယ်" အစရှိသည့် ဆုတောင်းမေတ္တာ စာလွှာများကိုလည်း ထည့်သွင်းပေးပို့သွားမည် ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းရန် ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

ထို့အတူ ဩဂုတ် ၆ ရက် နံနက်ပိုင်းက တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ပေးပို့လှူဒါန်းရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စာနာမှု၊ မေတ္တာ၊ စေတနာအပြည့်ဖြင့် ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်ပြီး ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးကြသည်။



ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်နေမှုကို တွေ့ရစဉ်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်ကြော်ဘူး ၁၅၀၀၊ ပုစွန်ခြောက်ကြော် ဘူး ၁၅၀၀၊ ငါးပိထောင်းဘူး ၁၅၀၀၊ အသင့်စား ခေါက်ဆွဲခြောက် အထုပ် ၃၀၀၀၊ ကော်ဖီမစ် အထုပ် ၃၀၀၀၊ ချိုချဉ်အလုံး ၁၅၀၀၀ နှင့် ကြယ်နီဆေးပေါ့လိပ် အလိပ် ၁၀၀၀၀ စုစုပေါင်းငွေကျပ် ၁၁၂ သိန်း တန်ဖိုးရှိပစ္စည်းများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါ စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် လူငယ်လက်ရွေးစင် အားကစားသမားများက "တရားသောစစ် ဆင်နွှဲကြသော စစ်သည်တော်အပေါင်း ဘေးရန်ကင်းလို့ အောင်ပန်း ဆင်နိုင်ပါစေ"၊ "ရှေ့တန်းရောက် စစ်သည်တော်အပေါင်း အန္တရာယ်ကင်းလို့ တိုက်ပွဲတိုင်းအောင်မြင်ပါစေ"အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

အလားတူ ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သဇင်ရိပ်သာ၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူ၊ ပုစွန်ငါးပိချက်၊ ဗာလချောင်ကြော်၊ ဆေးပေါ့လိပ်၊ ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ လက်ဖက်အကြော်စုံ၊ ချိုချဉ်စသည့် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်းနိုင်ရေး ဝိုင်းဝန်း ပြင်ဆင် ဆောင်ရွက်ခဲ့ကြသည့်အပြင် စားသောက်ဖွယ်ရာများနှင့်အတူ "တပ်မတော်သားများရဲ့ အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုများကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီးရှိပါတယ်။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထားဝယ်ခရိုင်မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၂၉၄၀၀၀၀၊ ပစ္စည်းတန်ဖိုး ငွေကျပ် ၂၄၃၃၃၀၀ စုစုပေါင်းငွေကျပ် ၃၇၀၇၃၃၀၀၊ မြိတ်ခရိုင်မှ ပစ္စည်းတန်ဖိုး ငွေကျပ် ၂၃၀၀၅၅၄၀၊ ကော့သောင်းခရိုင်မှ ပစ္စည်းတန်ဖိုးငွေကျပ် ၁၁၁၈၃၀၀၀၊ ဘုတ်ပြင်းခရိုင်မှ ပစ္စည်းတန်ဖိုးငွေကျပ် ၂၃၀၀၅၅၄၀ တို့ကို မေတ္တာဖြင့် ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဩဂုတ် ၅ ရက်က တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းမှ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးရုံး မြို့တော်ခန်းမ၌ စနစ်တကျ ပြင်ဆင်ထုပ်ပိုးဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ကြော်လှော်နေမှု၊ စနစ်တကျ ထုပ်ပိုးပြင်ဆင်နေမှုများကို တက်ညီလက်ညီ စိတ်အားထက်သန်စွာ ဝိုင်းဝန်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ ဝန်ထမ်းများကို လိုက်လံကြည့်ရှု အားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် အသင့်စားခေါက်ဆွဲထုပ်၊ လက်ဖက်ထုပ်၊

စာမျက်နှာ ၅ သို့



မွန်ပြည်နယ်အတွင်းမှ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းရန် ပြင်ဆင်ထုပ်ပိုးနေမှုကို တွေ့ရစဉ်။

# အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၈

၂၀၂၄ ခုနှစ်အတွက် အာဆီယံယဉ်ကျေးမှု ရန်ပုံငွေ အထောက်အပံ့ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပစာကြည့်တိုက် ပညာရှင်များ၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ဆွေးနွေးပွဲ၏ ဆောင်ပုဒ်မှာ "အာဆီယံစာပေ အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များနှင့် မတူကွဲပြားသော စာပေပစ္စည်း ပြုပြင်ထိန်းသိမ်းရေး နည်းလမ်းများ၊ အကောင်းဆုံးရှာဖွေတွေ့ရှိချက်များ" ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲ၏ ဆောင်ပုဒ်နှင့်အညီ ပေါ်ထွက်လာသော စိန်ခေါ်မှုအသစ်များကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာနယ်ပယ်၌ အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင်များကို စုစည်း၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ စာပေပစ္စည်းထိန်းသိမ်းရေးလုပ်ငန်းသည် စာကြည့်တိုက်များအတွက် အဓိက လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ စာကြည့်တိုက်များသည် ပြည်သူများအတွက် အသိပညာ ဖြန့်ဝေပေးရာ နေရာဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်လည်း တန်ဖိုးကြီး စာပေအမွေအနှစ်များကို ကျယ်ပြန့်စွာ ပိုင်ဆိုင်ထားရှိပါကြောင်း။

မိမိတို့အာဆီယံ ဒေသတွင်းရှိ စာကြည့်တိုက်လုပ်ငန်းနယ်ပယ်တွင် အာဆီယံအဖွဲ့ဝင်များ၏ အတွေ့အကြုံဗဟုသုတများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားအချင်းချင်း အသိပညာ မျှဝေပေးခြင်းသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်းဆုံး နည်းလမ်းများပင်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲသည် မိမိတို့၏ လုပ်ငန်းများအတွက် စိတ်ကူးသစ်များနှင့် တန်ဖိုးရှိသော ရလဒ်များကိုစာပေပစ္စည်းထိန်းသိမ်းရေး ဆောင်ရွက်နေကြသူများသာမက မော်ကွန်းထိန်းသိမ်းရေး ဆောင်ရွက်နေသူများကိုပါ အထောက်အပံ့ကောင်းများ ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခု ရရှိလာသည့် အခွင့်အရေးကို အသုံးချပြီး မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များကို မျှဝေပေးရန် လိုအပ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ရလဒ်ကောင်းများကို ဦးတည်သည့် အတွေးအမြင်များနှင့် အတွေ့အကြုံသစ်များကို ဖလှယ်ကြရန် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ အားလုံးကို တိုက်တွန်းလိုပါကြောင်း၊ ယခုဆွေးနွေးပွဲကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရလဒ်ကောင်းများ ရရှိစေမည့် ချိတ်ဆက်ဆွေးနွေးမှုများကို ရရှိရန်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများရှိစာပေပစ္စည်း ပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို Pyay Room ၌ ကျင်းပပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက တစ်နိုင်ငံလျှင် စာတမ်းတစ်စောင်စီ ဖတ်ကြားဆွေးနွေးကြရာ နိုင်ငံတကာပညာရှင် ထိုင်းနိုင်ငံရှိ SEAMEO SPAFA မှ Senior Researcher ဒေါ်ဥမ္မာမျိုးနှင့် ပြည်တွင်းစာကြည့်တိုက်ပညာရှင် ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရှေးရာဓလေ့ဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်လေးစိုးတို့က စာတမ်းဖတ်ကြားကြပြီး အဆိုပါ စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသော စာတမ်းရှင်များနှင့် ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဩဂုတ် ၉ ရက်တွင် အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်နှင့် ရွှေတိဂုံဘုရားတို့သို့ လေ့လာရေး သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ကျပ် ၈ ဘီလီယံနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ကျပ် ၈ ဘီလီယံနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် ကော်မတီဝင်များ၊ ခရိုင်စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ခွဲဝေထုတ်ပေးထားသော နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ၈ ဘီလီယံအား မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြို့နယ်အသီးသီးသို့ ကဏ္ဍအလိုက်ထုတ်ပေးခဲ့မှု၊ လက်ရှိ ပြန်လည်ကောက်ခံရရှိမှု၊ နိုင်ငံတော်၏မူဝါဒများအတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ သမဝါယမနှင့် MSME ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်သူများ၏ လက်ဝယ်သို့ရောက်ရှိပြီး အကျိုးရှိစွာ သုံးစွဲလည်ပတ်နိုင်ရေးနှင့် ထုတ်ချေး ပေးထားသည့် ချေးငွေများ ပြန်လည်ကောက်ခံရရှိရေးတို့ကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။



၄င်းနောက် ချေးငွေအဆိုပြု တင်ပြထားသော တိုင်းဒေသကြီး စီမံကိန်း၊ ကြီးကြပ်မှုကော်မတီနှင့် ချေးငွေအဆိုပြု တင်ပြထားသော ခရိုင်စီမံကိန်းကြီးကြပ်မှုကော်မတီ တို့မှ တာဝန်ရှိသူတို့က ချေးငွေယူလိုမှုတင်ပြထားသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဖြည့်စွက်ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာဌာနများ၏ ရှင်းလင်းတင်ပြချက်များအပေါ် စီးပွားရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

✿ စာမျက်နှာ ၄ မှ

ကော်ဖီမစ်ထုပ်၊ ဆေးပေါ့လိပ်၊ မြေပဲကြော်ထုပ်၊ နှစ်ပြန်ပဲကြော်ထုပ်၊ ငါးနီတူကြော်ထုပ်၊ ငါးပိထောင်းဘူး၊ Royal-D ဓာတ်ဆားထုပ် စသည့် စုစုပေါင်းငွေကျပ် ၃၁၂ သိန်းကျော် တန်ဖိုးရှိ အစားအသောက်ကိုးမျိုးအပြင် စိတ်ဓာတ်ခွန်အား နိုးကြားတက်ကြွစေရန် "ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ရေးသားထည့်သွင်းပေးပို့ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဆိုပါ စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့အတူ ဩဂုတ် ၆ ရက်က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မွန်ပြည်နယ်အတွင်းမှ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ပြင်ဆင်ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၂၅၂၅၀၀ တန်ဖိုးရှိ ငါးခြောက်ကြော်၊ ဗာလချောင်ကြော်၊ ငံပြာရည်ကြော်၊ မားမားခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ တီးမစ်၊ ပဲနို့၊ လက်ဖက်၊ ပုစွန်ခြောက်၊ ငါးခြောက်၊ အမယ်စုံ၊ မုန့်မျိုးစုံနှင့် အရေးပေါ်ဆေးဝါးများ စသည်တို့ကို ပေးအပ်လှူဒါန်းရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လက်ခံရယူသည်။

ထိုသို့ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများက "တရားသောစစ် အမြန်ဆုံးအောင်မြင်ပါစေ။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာများကိုလည်း ပေးပို့ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀

# အဆုတ်ကျန်းမာရေး ဂရုစိုက်ကြစေချင်

တင်ထက်ထက်ဇော်

### မရှိမဖြစ်အဆုတ်

နှာခေါင်းမှ ရှူရှိုက်၍ဝင်လာသော အောက်ဆီဂျင်ကို အဆုတ်တစ်စုံက လက်ခံပေးပြီးနောက် ခန္ဓာကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများအားလုံးသို့ ဖြန့်ဝေပေးသော လုပ်ငန်းဆောင်တာကို အဆုတ်က ၂၄ နာရီပတ်လုံး လုပ်ဆောင်ပေးပါသည်။ ထို့ကြောင့် အဆုတ်တစ်စုံသည် အသက်ရှူလမ်းကြောင်းစနစ်၏ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သလို ခန္ဓာကိုယ်ကြီးတစ်ခုလုံးအတွက် မရှိမဖြစ် အင်္ဂါ (ကလီစာ)လည်း ဖြစ်ပါသည်။

သက်ရှိလူသားတစ်ယောက်သည် ရက်သတ္တတစ်ပတ်မျှ အစာမစားဘဲနေနိုင်သော်လည်း ရက်အနည်းငယ်ကြာ ရေမသောက်ဘဲ အသက်ရှင်နေနိုင်သော်လည်း အကယ်၍ မိနစ်အနည်းငယ်ကြာ အောက်ဆီဂျင်ပြတ်လပ်သွားပါက အသက်ဆုံးရှုံးစေမည်ဖြစ်သည်။ ကျန်းမာနေသော အရွယ်ရောက်ပြီးသူတစ်ဦးသည် တစ်နေ့လျှင် အကြိမ် ၂၅၀၀၀ နီးပါးခန့် အသက်ရှူလေ့ရှိသည်။ ထို့ကြောင့် အသက်ရှင်ရေးအတွက် ထိုမျှအရေးပါလှသောအဆုတ်ကို ကျန်းမာနေစေရန် ထိန်းသိမ်းစောင့်ရှောက်ဖို့လိုပါသည်။

### အဖိတ်အစင်များသော အဆုတ်ကင်ဆာ


၂၀ရာစုအစောပိုင်းကာလအထိ ကမ္ဘာ့လူသားများ အဆုတ်ကင်ဆာကြောင့် ကွယ်လွန်သူနည်းပါးခဲ့သော်လည်း ၎င်းနောက်ပိုင်းမှာ တဖြည်းဖြည်းနှင့် အဆုတ်ကင်ဆာကြောင့် ကွယ်လွန်သူဦးရေ တိုးပွားလာခဲ့သည်။ အဆုတ်ကင်ဆာသည် အမျိုးသားနှင့်အမျိုးသမီးများတွင် ကင်ဆာကြောင့် ဖိတ်စင်သေဆုံးမှု၏ အဓိကအကြောင်းရင်းဖြစ်ပြီး ကင်ဆာသေဆုံးမှုအားလုံး၏ ၂၅ ရာခိုင်နှုန်းနီးပါးသည်လည်း အဆုတ်ကင်ဆာကြောင့်ဖြစ်သည်။ လေ့လာချက်များအရ အူမကြီး၊ ရင်သားနှင့် ဆီးကျိတ်ကင်ဆာတို့ ပေါင်းစပ်ထားသော ကင်ဆာများထက် အဆုတ်ကင်ဆာကြောင့် နှစ်စဉ်သေဆုံးသူ ပိုများကြောင်း တွေ့ရသည်။

အမေရိကန်ကင်ဆာအဖွဲ့အစည်း (American Cancer Society)၏ အဆိုအရ အဆုတ်ကင်ဆာဖြစ်ပေါ်နိုင်သည့် ခန့်မှန်းချက်များမှာ-

- အဆုတ်ကင်ဆာလူနာအသစ် ၂၃၅၇၆၀ ခန့် (အမျိုးသားများတွင် ၁၁၆၆၆၀နှင့် အမျိုးသမီး ၁၁၉၁၀၀ ခန့်) ဖြစ်နိုင်ကြောင်း၊
- အဆုတ်ကင်ဆာကြောင့် သေဆုံးမှု ၁၃၁၈၈၀ ခန့် (အမျိုးသားများတွင် ၆၂၄၇၀ နှင့် အမျိုးသမီးများတွင် ၆၉၄၁၀)ဖြစ်နိုင်ကြောင်း၊
- အဆုတ်ကင်ဆာသည် အသက်ကြီးသူများတွင် အဓိက ဖြစ်ပွားကြောင်း၊
- အဆုတ်ကင်ဆာရောဂါ ရှာဖွေတွေ့ရှိသူအများစုသည် အသက် ၆၅ နှစ်နှင့်အထက် ဖြစ်ကြောင်းနှင့်
- ရောဂါရှာဖွေတွေ့ရှိသောလူများ၏ ပျမ်းမျှအသက်သည် ၇၀ ခန့်ဖြစ်ကြောင်း သိရပါသည်။

### အမျိုးသမီးများတွင် အဆုတ်ကင်ဆာ ဖြစ်ပွားမှုမြင့်မား

အမျိုးသားများနှင့်နှိုင်းယှဉ်ပါက အမျိုးသမီးများတွင် အဆုတ်ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း မြင့်မားနေမှုကြောင့် ဆေးပညာရှင်



များပင် ဝေခွဲရခက်ခဲနေကြရကြောင်း အောက်တိုဘာ ၁၅ ရက်၌ နယူးယော့ခ်ဆေးသုတေသီများက ဆိုထားသည်။ ဆေးလိပ်သောက်သုံးမှုနှုန်း မြင့်မားခြင်း၊ ကျောက်ဂွမ်းကဲ့သို့ ဓာတုပစ္စည်းများနှင့် အလုပ်ခွင်၌ အထိအတွေ့များခြင်းတို့ကြောင့် ၁၉၈၀ ပြည့်နှစ်များအတွင်း အမျိုးသားများမှာ အမျိုးသမီးများနှင့်နှိုင်းယှဉ်ပါက အဆုတ်ကင်ဆာဖြစ်နိုင်ခြေ နှစ်ဆပိုမြင့်မားခဲ့သည်။ နောက်ပိုင်း၌ အမျိုးသားများကြား ဆေးလိပ်သောက်သုံးမှုကျဆင်းလာပြီး အလုပ်ခွင် လုံခြုံရေးအခြေအနေများ တိုးတက်ကောင်းမွန်လာချိန်တွင် အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမှာ အမျိုးသားများနှင့် အမျိုးသမီးများကြား ပြောင်းလဲသွားကြောင်းနှင့် လက်ရှိအချိန်တွင် အမျိုးသမီးများ၌ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမှာ အမျိုးသားများထက်ပို၍ မြင့်မားလာသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသီများက ဆိုပါသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက် ၃၅ နှစ်နှင့် ၅၄ နှစ်ကြား အရွယ်ရှိသူ အမျိုးသမီးများ၏ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းသည် အလားတူ အသက်အရွယ်ရှိ အမျိုးသားများ၌ ဖြစ်ပွားမှုနှုန်းထက် ပိုမြင့်မားလာသည်ကို တွေ့ရကြောင်း၊ အမျိုးသားများနှင့် အမျိုးသမီးများကြား လက်ရှိအဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းထားကွာဟချက်မှာ မပြောပလောက်သေးသော်လည်း သုတေသနပညာရှင်များအနေဖြင့် ဖြစ်စဉ်၏ နောက်ကွယ်အကြောင်းတရားကို ဖော်ထုတ်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

### အဆုတ်ကင်ဆာဖြစ်ခြင်းအစ ဆေးလိပ်က

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကင်ဆာရောဂါပညာဆိုင်ရာအဖွဲ့များမှ ပူးပေါင်းကျင်းပခဲ့သော ၂၀၁၅ခုနှစ် ပထမအကြိမ် ကင်ဆာရောဂါဆွေးနွေးပွဲ (1st Joint Cancer Forum, Myanmar 2015) သတင်းများအရ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသနိုင်ငံများတွင် ကင်ဆာရောဂါဖြစ်ပွားမှုမှာ နှစ်စဉ် ပိုမိုများပြားလာကြောင်း၊ ၎င်းဖြစ်ပွားမှုနှုန်းအရ အရှေ့တောင်အာရှဒေသတွင် ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းထားမှာ လာမည့် ၂၀၃၀ပြည့်နှစ်အရောက်တွင် ၇၀ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း လေ့လာသိရသည်။ ယနေ့မြန်မာနိုင်ငံတွင် အမျိုးသားများ အဆုတ်ကင်ဆာသို့မဟုတ် ခံတွင်းကင်ဆာရောဂါ အဖြစ်များနေကြပြီး ၎င်းကင်ဆာရောဂါ နှစ်မျိုးစလုံးသည် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းနှင့် ပတ်သက်ဆက်နွှယ်နေပါသည်။

ကမ္ဘာ့ကျန်းမာရေးသုတေသီများ၏ ၁၉၅၀ ခုနှစ် သုတေသနပြုမှတ်တမ်းများအရ ဆေးလိပ်သောက်ခြင်းက အဆုတ်ကို ပျက်စီးစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ သုတေသီများ၏ ဆက်လက်စူးစမ်း ဖော်ထုတ်စမ်းသပ်ချက်များအရ ဆေးလိပ်သောက်ခြင်းသည် အဆုတ်ကင်ဆာဖြစ်စေမှုကို ၉၄ရာခိုင်နှုန်း သေချာကြောင်း အဖြေထွက်ရှိခဲ့ရာ ၁၉၆၂ ခုနှစ်တွင် 'အဆုတ်ကင်ဆာဖြစ်ခြင်းအစ ဆေးလိပ်က' ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။

အဆိုပါ စမ်းသပ်ချက်များအရ ဆေးလိပ်သောက်သူသည် မသောက်သူထက် အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၂၄ ဆ မှ ၃၆ ဆ ပိုများကြောင်း၊ ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူမိခြင်းက အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ထို့ပြင် ဆေးလိပ်စတင်သောက်သုံးသော အသက်အရွယ်၊ ဆေးလိပ်အရေအတွက်၊ ဆေးရွက်ကြီး သို့မဟုတ် စီးကရက်အမျိုးအစား စသည်တို့ပေါ်မူတည်၍ အဆုတ်ကင်ဆာအဖြစ် အနေးနဲ့အမြန် သက်ရောက်မှုရှိပါသည်။ ထို့ကြောင့် အဆုတ်ကျန်းမာရေးအတွက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကို အထူးရှောင်ရှားရန် လိုအပ်ပါသည်။

### အဆုတ်ကျန်းမာရေး ဂရုစိုက်ကြစေချင်

အထက်တွင် ရေးသားဖော်ပြသကဲ့သို့ ဆေးလိပ်မီးခိုးငွေ့ကြောင့် အဆုတ်ပျက်စီးစေသလို စက်ရုံအလုပ်ရုံထွက် ဓာတ်ငွေ့များ၊ စက်တပ်ယာဉ်အမျိုးမျိုးမှ ထွက်ရှိလာသော မီးခိုးများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ Asbestos (ခေါ်) ကျောက်မှုန့်၊ ဖုန်မှုန့်၊ မြေမှုန့်



စသည်တို့ကြောင့်လည်း Air Pollution (ခေါ်) ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်းကိုဖြစ်စေကာ အဆုတ်ကျန်းမာရေးအတွက် ကြီးစွာသော ဘေးထွက်ဆိုးကျိုးများ ရစေနိုင်ပါသည်။ သက်ရှိလူတို့သည် အမြဲအသက်ရှူနေခြင်းဖြင့် အသက်ရှင်နေရသည်။ အသက်ရှူအင်္ဂါအဖွဲ့အစည်းတွင် အဆုတ်နှင့်လေပြွန်များ ပါဝင်သည်။

အဆုတ်ကျန်းမာရေးအတွက် လေပြွန်များကောင်းမွန်ခြင်း၊ အဆုတ်အတွင်းရှိ လေအိတ်ငယ်များ ကောင်းမွန်ခြင်းနှင့် အဆိပ်အတောက်ကင်းသော လေကောင်းလေသန့်ရရှိခြင်း စသည်တို့လိုအပ်သည်။ လေထုညစ်ညမ်းခြင်းကြောင့် အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ နှလုံးရောဂါ၊ နာတာရှည် အဆုတ်လေပြွန်ပိတ်ဆို့ရောဂါနှင့် အဆုတ်ကင်ဆာတို့ ဖြစ်စေနိုင်ပါသည်။ ထို့ပြင် အသက်ရှူကျပ်ခြင်း၊ နာချေခြင်း၊ ချောင်းဆိုးခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်းနှင့် နှလုံးရောဂါအခံရှိသူတွေအတွက် နှလုံးရောဂါ ပိုမိုဆိုးရွားစေပါသည်။

သို့ပါ၍ အဆုတ်ကျန်းမာရေးချို့တဲ့ကာ ကျန်းမာရေးထိခိုက်ခြင်းနှင့် အသက်သေဆုံးခြင်းများမှ ကင်းဝေးစေရန် လေသန့်ရှူနိုင်အောင် ဂရုပြုနေထိုင်ခြင်း၊ လေထုညစ်ညမ်းမှုကင်းဝေးအောင် အစီအမံများ ပြုလုပ်ခြင်း၊ အခန်းတွင်း လေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ တီဘီနှင့်ကူးစက်ရောဂါများ မကူးစက်ရအောင် သတိပြုနေထိုင်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းအပါအဝင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုများ ပြုလုပ်ခြင်း၊ လုပ်ငန်းခွင်များတွင် အမှုန်အမွှားများ၊ ဓာတ်ငွေ့များ စသည့် အဆုတ်ကိုထိခိုက်စေသည့် အခြေအနေများရှိပါက အကာအကွယ်သုံးခြင်း စသည်ဖြင့် အဆုတ်အတွက်သာမက ဘဝတစ်သက်တာလုံး သက်ရှည်ကျန်းမာအောင် ပြုမူနေထိုင်သင့်ပေသည်။


### အဆုတ်ကိုကောင်းကျိုးပြုသော အစားအစာများ

အသက်ရှူလမ်းကြောင်းစနစ်ကို ကောင်းစွာအထောက်အပံ့ပေးနိုင်သည့် ဓာတ်စာများဖြစ်ကြသည့် နနွင်း၊ ဂျင်းစိမ်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ သောက်ရေသန့်၊ ငှက်ပျောဖူး၊ စပျစ်သီး၊ သလဲသီး၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပန်းငရုတ်ပွ၊ တရုတ်နံနံ၊ အစိမ်းရောင် အရွက်ဖားဖား ဟင်းရွက်များဖြစ်ကြသည့် ပန်းဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ အချဉ်အရသာရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ ဝါလိမ္မော်ရောင်တောက်တောက် သန့်ရှင်းလတ်ဆတ်သော သစ်သီးများဖြစ်ကြသည့် ဥပမာ သင်္ဘောသီး၊ နာနတ်သီး၊ မချိုသော လိမ္မော်သီး၊ ရွှေဖရုံသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ ဂရိတ်ဖရုသီး၊ သခွားမွေး၊ လက်ဖက်ခြောက်ကျကျ ရေနွေးကြမ်းစသည်တို့ကို စားသောက်ရင်း အဆုတ်ကျန်းမာရေးဂရုစိုက်ပေးကြစေလိုပါကြောင်း ရေးသားကာ အကြံပြုလိုက်ရပါသည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Brandon Lee ပါဝင်သည့် The Crow ရုပ်ရှင်ပိုစတာ ထွက်ရှိလာ

မင်းသားကြီးဘရုစ်လီ၏သား ဘန်ဒန်လီပါဝင်ထားသည့် The Crow ရုပ်ရှင်ပိုစတာထွက်ရှိလာပြီး Lionsgate ကုမ္ပဏီက IT သရုပ်ဆောင်များနှင့် ရိုက်ကူးထား၍ ပရိသတ် စိတ်ဝင်စားနေကြသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြထားသည်။



အဆိုပါကုမ္ပဏီက ITသရုပ်ဆောင် ဘီလ်စကတ်ဂတ်နှင့် ပြန်လည်ရိုက်ကူးထားပြီး အက်ဖ်ကေအေတွင်း၊ အစ်စဘယ်လာဝိန်နှင့်ဘန်ဒန်လီတို့ ပါဝင်ကာ ဒါရိုက်တာရောဘတ်ဆန်ဒေါ်စ်က ရိုက်ကူး ထားသည်။

ဂီတပညာရှင်နှင့် သူ့ချစ်သူကို လူဆိုးများသတ်ခဲ့သဖြင့် လက်တုံ့ပြန်ရန် သေရွာမှ ပြန်ရှင်သန်လာပြီး လက်စားချေပုံကို ရိုက်ကူးထားရာ ပိုစတာထွက်ရှိလာသည်နှင့်ပင် ပရိသတ်စိတ်ဝင်စားခဲ့ကြသည်။ **SKY**

## Wang Yi Bo ၏ Chanel ဖက်ရှင် စိတ်ဝင်စားခံရ




တရုတ်အနုပညာရှင် ဝမ်ရိဘိုသည် Shanghaiexhibition Fashion State- ment Gabrid Chanel ဖွင့်ပွဲနှင့်ညစာ စားပွဲကို သံတမန်အဖြစ် တက်ရောက်ခဲ့ရာ ဖက်ရှင်နှင့် ပရိတ်သတ်စိတ်ဝင်စားမှုရရှိခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ အဆိုပါပွဲတွင် ဝမ်ရိဘိုက Look at of Chanels Fall Winter ၂၀၂၄ ဝတ်စုံဖြစ်သည့် အနက်ရောင်ကုတ်နှင့် Co Co Crush and 223 Wrist Watch ကို ဝတ်ဆင်ထားပြီး တောက်ပနေခဲ့သည်။

ဝမ်ရိဘိုသည် အဆိုပါကုန်အမှတ်တံဆိပ်၏ရှန်ဟိုင်းတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့်ပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး အနုပညာရှင်များအလယ်တွင် ခမ်းနားတောက်ပစွာ မြင်တွေ့ရ၍ပရိသတ်စိတ်ဝင်စားမှုခံခဲ့ရသည်။ဝမ်ရိဘိုက Qlympic Torch Relay Live တွင် ဇူလိုင် ၁၄ရက်နေ့က ID Ely 42 နှင့် 85 Beauboury လမ်းကစလျှောက်ရန် နံနက် ၃နာရီ၁၉မိနစ်တွင် အိုလံပစ် မီးရှူးတိုင်နှင့် တွေ့ခဲ့ရပြီး နိုင်ငံကြီးသား ပီသမှုကိုပါ ပြသနိုင်ခဲ့သည်။ **SKY**

## Zhao Lusi ၏ Love's Ambition ရိုက်ကွင်းသို့ ထုတ်လုပ်သူများစွာ လာရောက်ခဲ့ကြ

ထိပ်တန်းအနုပညာရှင် ကျန်းလူဆီ၏ Love's Ambition ရိုက်ကွင်းသို့ ထုတ်လုပ်သူမကြီး ယမ်ဘိန်းအပါအဝင် ထုတ်လုပ်သူများစွာ လာရောက်တွေ့ဆုံခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်းလူဆီ၏ ရိုက်ကွင်းသို့ The Long Ballad ၏ ထုတ်လုပ်သူမကြီး ယမ်ဘိန်း အလည်လာခဲ့ကာ လွန်ခဲ့သောရက်များ Hidden Love ၏ ထုတ်လုပ်သူကျောင်းဂျန်ဘို Follow Your Heat ဇာတ်ကား၏ ထုတ်လုပ်သူ ယူကျန်ကျန်တို့အပြင် တန်ဆန်၏ အကြီးအကဲဖြစ်သူ လီလိမင်တို့ပါ လာရောက်တွေ့ဆုံခဲ့ကြသည်။

အဆိုပါ ဇာတ်ကားရိုက်ကူးပြီး နှစ်ရက်အကြာတွင် Love Like The Galaxy ဇာတ်ကား၏ ထုတ်လုပ်သူ လီရှန်ကလည်း ကျန်းလူဆီကို ထောက်ပံ့သည့် အနေနှင့် ရိုက်ကူးရေးအဖွဲ့သားများထံ သောက်စရာများပေးပို့ခဲ့သဖြင့် ကျန်းလူဆီကို ထုတ်လုပ်သူများ၏ အချစ်ခံ ရွှေမင်းသမီးလေးဟု ပရိသတ်များက မှတ်ချက်ပေးထားကြသည်။

**SKY**



## Shelly Duvall က The Shining သရုပ်ဆောင်ဖြစ်ပြီး ရုတ်တရက် ကွယ်လွန်သွားခဲ့



ဟောလိဝုဒ်ရုပ်ရှင် The Shining နှင့် နာမည်ကျော်ခဲ့သော မင်းသမီးရှယ်လီ ဒူဝဲလ် ရုတ်တရက်ကြွေလွင့်သွားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အသက်(၇၅)နှစ်ရှိပြီဖြစ်သော ရှယ် လီဒူဝဲလ်သည် ဆီးချိုရောဂါ၏ နောက် ဆက်တွဲ ကျန်းမာရေးချို့တဲ့မှု ဝေဒနာခံစားနေရသည်ဟု သူ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ဒန်ဂယ်လိုရီက ပြောပြ ခဲ့သည်။

၁၉၉၀ကျော်မှစ၍ ကျန်းမာရေးကြောင့် အနုပညာလုပ်ငန်းများမှ အနားယူထားပြီး ဆေးကုသမှု ခံယူခဲ့ရာမှ ဆေးရုံပေါ်တွင် အိပ်နေရင်းသေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ရှယ်လီဒူဝဲလ်ပါဝင်ထားသည့် Pop- eye The Shining တို့မှာ လူကြိုက်များ အားပေးမှုရရှိထားပြီး ဟောလိဝုဒ်ထိပ်တန်းအနုပညာရှင်အဖြစ် ကျော်ကြားခဲ့သူလည်းဖြစ်ကာ သူကြွေလွင့်သွား ရခြင်းအတွက် ပရိသတ်များ ဆုမွန်ကောင်းတောင်းပေးထားကြသည်။

**SKY**

## ဗီတာမင်ဘီ ၉ သို့မဟုတ် ဖိုလိတ်ဓာတ်လျှော့စားလျှင် အသက်ကိုပို၍ရှည်စေနိုင်မည်ဟု လေ့လာတွေ့ရှိ




လူတို့၏နေ့စဉ်ကျန်းမာရေးဘဝကို ကောင်းမွန်စေရန် ဗီတာမင်ဓာတ်အမျိုးမျိုးပါဝင်သည့် အစားအစာများကို မျှတအောင် စားသုံးပေးရသည်။

ဗီတာမင်ဓာတ်အချို့လွန်ကဲခြင်း ချို့တဲ့ခြင်းတို့ကြောင့် ကျန်းမာရေးတစ်စုံတစ်ရာ ထိခိုက်ချတ်ယွင်းစေနိုင်သဖြင့် မျှတစုံလင်အောင်စားသုံးရမည်ဟု အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် စိုက်ပျိုးရေးနှင့် ဇီဝဓာတုဗေဒ၊ ဇီဝရူပဗေဒဆိုင်ရာ သဘာဝသိပ္ပံဌာနပါမောက္ခမိုက်ကယ်လ်ပိုလီမယ်နစ်က ရှင်းလင်းပြော ကြားသည်။ ၄င်းဦးဆောင်သောသုတေသီများသည် ဘီတာမင်ဘီ ၉ သို့မဟုတ် ဖိုလိတ်ဓာတ်နှင့်ပတ်သက်၍ မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ကြက်ဥ၊ ပန်းမုန်လာစိမ်း၊ထောပတ်သီး၊ ကြက်အသည်း၊ ဝက်နှင့်အမဲအသည်း၊ ကညွတ်၊ ပဲအမျိုးမျိုး၊ထောပတ်သီး၊ နံနံပင်၊ လိမ္မော်၊ ကမွလာ၊သံပုရာစသောအစားအစာများတွင်ပါဝင်သော ဗီတာမင်ဘီ၉သို့မဟုတ် ဖိုလိတ်ဓာတ်ကို လျှော့စားလျှင် အသက်ကိုပို၍ရှည်စေနိုင်မည်ဖြစ်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ SCI




## Men In Black 5 ရိုက်ကူးရေးကို ၂၀၂၅ခုနှစ်တွင် စတင်မည်

ကမ္ဘာကျော်အနုပညာရှင် ဝီလ်စမစ်နှင့် တိုနီလီဂျုံးတို့ အဓိကပါဝင်ထားသည့် Men In Black ကို အပိုင်း၅ အဖြစ် ၂၀၂၅ခုနှစ်တွင် စတင်ရိုက်ကူးမည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကားမှာ စုစုပေါင်းသုံးကားအထိ ထွက်ရှိထားပြီး ၂၀၁၉ခုနှစ်တွင် Men In Black International ဆိုသော ရုပ်ရှင်တစ်ကား ထွက်ရှိထားကာ ပထမသုံးကားစလုံး အောင်မြင်မှုရရှိခဲ့ပြီး နောက်ဆုံးရုပ်ရှင်ဇာတ်ကားမှာ ဝင်ငွေ နည်းရုံသာမက ဝေဖန်မှုနှင့်ပါ ရင်ဆိုင်ခဲ့ရသည်။

ယင်းအရှုံးကို ကာကွယ်ရန် ဆိုနီနှင့်ဒစ်စနေးက အပိုင်း(၅)ကို ဆက်လက်ထုတ်လုပ်ရန် စီစဉ်နေပြီး ၂၀၂၅ခုနှစ် ဇန်နဝါရီလတွင် လန်ဒန်မြို့၌ စတင်ရိုက်ကူးသွားမည်ဟု Production list ဝက်ဘ်ဆိုက်မှတ်တမ်းတွင် ဖော်ပြထားသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ပါဝင်မည့် မူလသရုပ်ဆောင် အတည်ပြုပေးခြင်း မရှိသေးကြောင်း သိရသည်။

**SKY**




## ၂၀၂၄ ခုနှစ် ဒုတိယသုံးလပတ်ကာလအတွင်း၌ ဖိလစ်ပိုင်စီးပွားရေး ၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်

**မနီလာ ဩဂုတ် ၈**

ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသား စီးပွားရေးသည် ယခုနှစ် ဒုတိယ သုံးလပတ်ကာလအတွင်း ၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အခြားကုန်ကျစရိတ်နှင့် အတူ ဝင်ငွေဖွံ့ဖြိုးတိုးတက်မှုမှာ ၂၀၂၃ ခုနှစ် ပထမ သုံးလပတ်ကာလ၏ ၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ရာတွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး စီးပွားရေးပညာရှင်များ၏စစ်တမ်းအရ ၆ ဒသမ ၂ ရာခိုင်နှုန်း ခန့်မှန်းချက်ထက် ကျော်လွန်ကာ ပထမသုံးလပတ်ကာလ ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မှုပမာဏကိုလည်း ကျော်လွန်ခဲ့သည်။

ပထမနှစ်ဝက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု (ဂျီဒီပီ)တိုးတက်မှုမှာ ၆ ရာခိုင်နှုန်းရှိပြီး၊ ၂၀၂၃ ခုနှစ်အတွက် စုစုပေါင်းတိုးတက်မှု ၆ ရာခိုင်နှုန်းမှ ရည်မှန်းထားသော ပန်းတိုင်ဖြစ်သည့် ၇ ရာခိုင်နှုန်းအထိ ရောက်နိုင်စေမည်ဟု စီးပွားရေးစီမံကိန်းဝန်ကြီး အာဆေနီယိုဘာလီဆာကန်က သတင်းထောက်များကို ပြောကြားသည်။

ရာသီအလိုက် ပြောင်းလဲမှုအရ ဖိလစ်ပိုင်အမျိုးသားစီးပွားရေးမှာ လေးလပတ်အတွင်း သုညဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ ယခင်သုံးလပတ်ကာလ ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုနှင့် နှိုင်းယှဉ်သည့်အချိန်တွင် နှေးကွေးခဲ့သည်ဟု ရိုက်တာစစ်တမ်းတွင် ဖော်ပြသည်။

ဒုတိယသုံးလပတ်ကာလအတွင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းတို့မှရရှိသော ဝင်ငွေပမာဏ ကြုံ့ဝင်ကျဆင်းခဲ့ကြောင်း သိရသည်။

**Mon**



## ပိုလီယိုရောဂါကာကွယ်ဆေး ၁ ဒသမ ၂ သန်း ဂါဇာသို့ ပို့ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စီစဉ်

**ဂါဇာ ဩဂုတ် ၈**

ဂါဇာကမ်းမြောင်ဒေသရှိ စွန့်ပစ်ရေထဲ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပိုလီယိုရောဂါပိုး တွေ့ရှိခဲ့သည့်သဖြင့် ပိုလီယိုကာကွယ်ဆေး ၁ ဒသမ ၂ သန်း ထိုဒေသသို့ ပို့ပေးမည်ဟု ကြေညာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတေဒရော့စ်အဒါနွမ်ဂေဘရေယေဆပ်စ်က ၈ နှစ်အောက် ကလေးသူငယ် ၆ သိန်းကို ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးရန် စီစဉ်နေပြီး ပထမအကြိမ်ကာကွယ်ဆေးထိုးခြင်းကို ဩဂုတ် ၁၇ ရက်နေ့တွင် စတင်မည်ဖြစ်သည်။

ပိုလီယိုရောဂါသည် ကလေးများကို ဖျားနာစေတတ်ပြီး၊ များသောအားဖြင့် မသန်စွမ်းခြင်း သို့မဟုတ် သေဆုံးခြင်းကို ဖြစ်စေတတ်သော အလွန်အန္တရာယ်ရှိသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ အဓိကအားဖြင့် အညစ်အကြေးနှင့် ထိတွေ့မိရာမှ တစ်ဆင့် ထိုရောဂါကူးစက်လေ့ရှိသည်။

အဆိုပါ ပိုလီယိုရောဂါကာကွယ်ဆေး ၁ ဒသမ ၂ သန်းကို အောင်မြင်စွာ သယ်ဆောင်ပေးရန် အလွန်ကြီးမားသော စီမံခန့်ခွဲရေး အခက်အခဲဖြစ်နိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရာရှိ အန်ဒရီယာကင်းက ပြောသည်။

ကာကွယ်ဆေးများကို ထုတ်လုပ်ချိန်မှစ၍ ပေးသွင်းချိန်အထိ အပူချိန်ကန့်သတ်ချက်အတိုင်း သိမ်းဆည်းရမည်ဖြစ်ပြီး၊ လက်ရှိစစ်မက်ပြင်းထန်နေချိန်တွင် နည်းပညာဆိုင်ရာ အခက်အခဲများ ဖြစ်စေနိုင်ကြောင်း သိရသည်။

**Mon**



## ထိုင်းနိုင်ငံမှ ရွှေ့သို့ လှမ်းချီပါတီ ဖျက်သိမ်းခံရ ပီတာနှင့် အခြား ၁၀ ဦးကို နိုင်ငံရေးမှ ၁၀ နှစ်ပိတ်ပင်

**ဘန်ကောက် ဩဂုတ် ၈**

ယမန်နှစ်က မဲအများဆုံးနှင့် ပါလီမန်တွင်အမတ် နေရာအများဆုံးရခဲ့သည့် ရွှေ့သို့လှမ်းချီပါတီကို ဖျက်သိမ်းရန် ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဩဂုတ် ၈ ရက်တွင်အမိန့်ချမှတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရွှေ့သို့လှမ်းချီပါတီမှ ထင်ရှားသောအမတ်များနှင့် ပီတာလင်မ်ဂျရိုယင်ရတ် အပါအဝင် ၁၀ ဦးကို အဆိုပါအမိန့်ဖြင့် နိုင်ငံရေးမှ ၁၀ နှစ်တိတိ ကန့်သတ်လိုက်သည်။

ထိုသို့ကန့်သတ်လိုက်သော်လည်း ယင်းထုံးဖွဲ့စီရင်မှုသည် ထိုင်းနိုင်ငံရေးအတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လှုပ်ရှားမှုများ အဆုံးသတ်သွားမည်မဟုတ်ဘဲ ကျန်ရစ်သည့် အဆိုပါရွှေ့သို့လှမ်းချီပါတီ ကိုယ်စားပြုအမတ် ၁၄၂ ဦးကို အခြားပါတီတစ်ခုသို့ ကူးပြောင်းရန်၊ နိုင်ငံရေးအတွင်း အဓိကအတိုက်အခံအဖြစ် ဆက်လက်လှုပ်ရှားနိုင်ရန် ခွင့်ပြုထားသည်။

ပြုပြင်ပြောင်းလဲရေးအတွက် စိတ်အားထက်သန်သော ရွှေ့သို့လှမ်းချီပါတီသည် ယခင်က အလားတူဖျက်သိမ်းခံခဲ့ရသော အနာဂတ်ရွှေ့သို့ပါတီမှ ပေါက်ဖွားလာခြင်းဖြစ်သည်။

ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးအနေဖြင့် ၂၀၀၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နိုင်ငံရေးပါတီပေါင်း ၃၄ ခုကို ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **Mon**

## ဘိုးရင်းကုမ္ပဏီလုပ် စတားလိုင်နာအာကာသယာဉ် ဝီလ်မိုးနှင့် ဝီလျံစ်တို့နှစ်ဦးကို ကမ္ဘာမြေသို့ ပြန်မပို့နိုင်

**ဝါရှင်တန် ဩဂုတ် ၈**

ကမ္ဘာကျော် ဘိုးရင်းကုမ္ပဏီလုပ် စတားလိုင်နာအာကာသယာဉ်က အမေရိကန်အာကာသယာဉ်မှူးများဖြစ်သည့် ဘွတ်ချ်ဝီလ်မိုးနှင့် ဆူနီတာဝီလျံစ်တို့နှစ်ဦးကို ဇွန် ၅ ရက်က အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ချွတ်ယွင်းချက်များရှိသွားသဖြင့် ၎င်းတို့နှစ်ဦးကို ကမ္ဘာမြေသို့ ပြန်မပို့နိုင်တော့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုအာကာသယာဉ်မှူးနှစ်ဦးသည် အသွားအပြန် ၈ ရက်သာကြာမည့် အာကာသခရီးထွက်ခဲ့ခြင်းဖြစ်ပြီး စတားလိုင်နာကို ယုံစားမိရာမှ အာကာသစခန်းတွင် သောင်တင်နေရခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလရောက်မှ အာကာသစခန်းသို့ အာကာသယာဉ် ဆိုက်ရောက်မည်ဖြစ်ရာ ၎င်းတို့နှစ်ဦးကို ထိုအာကာသယာဉ်ဖြင့် ပြန်ခေါ်လာမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



**နှစ်ပေါင်း ၄၀၀ အတွင်း အမြင့်ဆုံးအပူဒဏ်ခံစားနေရသော ဩစတြေးလျနိုင်ငံရှိ ဂရိတ်ဘယ်ရီယာ သန္တာကျောက်တန်းတစ်နေရာကို တွေ့ရစဉ်။** **Mon**



## ဂျပန်နိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းအနီး ၇ ဒသမ ၁ ရစ်ချ်တာစကေးရှိသော မြေငလျင်လှုပ်ရှား

**တိုကျို ဩဂုတ် ၈**

ဂျပန်နိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းအနီးတွင် ဩဂုတ် ၈ ရက်က ၇ ဒသမ ၁ ရစ်ချ်တာစကေးရှိသော အင်အားပြင်း မြေငလျင်လှုပ်ရှားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

ထိုငလျင်လှုပ်ရှားပြီးနောက် သက်ဆိုင်ရာက ဆူနာမီလှိုင်း သတိပေးချက် တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ငလျင်သည် ကျူးရှူးကျွန်း၏ အရှေ့ဘက်ကမ်းရိုးတန်းအနီး မြေအောက် ၃၀ ကီလိုမီတာအနက်တွင် ဖြစ်ပေါ်ခဲ့သည်။ ကျူးရှူးကျွန်းတောင်ပိုင်းကမ်းရိုးတန်းနှင့် ရှီကောကုကျွန်းတို့တွင် ၁ မီတာအထိမြင့်သော ဆူနာမီလှိုင်းများ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**Mon**





## တရုတ်အပ်စိုက်ကုသနည်းဖြင့် ကုသပေးနေစဉ် အမျိုးသားလူနာတစ်ဦး သေဆုံးမှုဖြစ်ပွား

**ပေကျင်း ဩဂုတ် ၈**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ကျန်းစုပြည်နယ်၊ ယန်ကျိုးမြို့၊ ပေါင်းယင် စီရင်စုနယ်တွင် အမျိုးသမီးတစ်ဦးသည် လူမှုကွန်ရက်ပေါ်မှ သင်ယူလေ့လာထားသည့် တရုတ်အပ်စိုက်ကုထုံးနည်းဖြင့် အမျိုးသားလူနာတစ်ဦးကို ကုသပေးနေစဉ် ထိုအမျိုးသားလူနာ သေဆုံးခဲ့ကြောင်း အန်ဒီတီဗီသတင်းဌာနက ဖော်ပြခဲ့သည်။

ယင်းအမျိုးသားသည် ယမန်နှစ် ဖွန်လကတည်းက နာမကျန်းဖြစ်၍ ရွာတွင် တရုတ်အပ်စိုက်ကုထုံးကျွမ်းကျင်သူဟု ဂုဏ်သတင်းကျော်ကြားနေသည့် ထိုအမျိုးသမီးထံ၌ ကုသမှု စတင်ခံယူခဲ့သည်။

နောက်ဆုံးကုသမှု ခံယူစဉ်အတွင်း အမျိုးသားလူနာ နှလုံးထိခိုက်သွားရာ ၎င်းကိုဆေးရုံသို့ အချိန်မီ ပို့ဆောင်ခဲ့သော်လည်း အသက်ဆုံးရှုံးခဲ့ရသည်။

စုံစမ်းစစ်ဆေးမှုများအရ ထိုအမျိုးသမီးသည် တရုတ်အပ်စိုက်ကုထုံးနည်းကို စနစ်တကျ သင်ယူထားခြင်းမရှိဘဲ လူမှုကွန်ရက်မှတစ်ဆင့် လေ့လာပြီး ၎င်း၏ခင်ပွန်းဖြစ်သူနှင့် ၎င်းကိုယ်တိုင် လက်တွေ့စမ်းသပ်ကာ ကုသနေခြင်းဖြစ်သည်။

တရားခံဘက်မှ သေဆုံးသူ၏ မိသားစုထံသို့ နစ်နာကြေးပေးဆောင်ခဲ့ပြီး တရားရုံးက ၎င်းကိုထောင်ဒဏ် ၁၈ လ၊ စောင့်ကြည့်ခံကာလ ၂ နှစ်နှင့်အတူ ဒဏ်ငွေချမှတ်ခဲ့ကြောင်း သိရသည်။

**WYN**

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၈**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက သဘောထားထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## လွိုင်လင်မြို့နယ်နှင့် နမ့်စန်မြို့နယ်တို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၈**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် သက်သေများနှင့်အတူ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ပေါင်းလိုင်းရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ပိုင်ဇေဖြိုးဆိုသူ မောင်းနှင်ပြီး ပြေသာတိုးဆိုသူ လိုက်ပါလာသည့် HONDA INSIGHT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်းအလေးချိန် ၁၀၀ ဂရမ်၊ Happy Water အလေးချိန် ၇၅၀ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၀ နာရီ ၄၅မိနစ်တွင် မစုဝေဝေထွန်း ဆိုသူအား ၄င်းနေထိုင်သည့် နမ့်စန်မြို့နယ်၊ အမှတ်(၂)ကျေးရွာရှိ နေအိမ်အတွင်းမှ ကက်တမင်းအလေးချိန် ၅၀ ဂရမ်၊ Happy Water အလေးချိန် ၄၇၅ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပိုင်ဇေဖြိုး(၂၀)နှစ်၊ ပြေသာတိုး(၂၀)နှစ်နှင့် မစုဝေဝေထွန်း(၂၇)နှစ် ဆိုသူတို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ဓဲပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုမရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထားရှောင်ရှားပေးပါရန် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

**မီး သတိပြု။**

## လျှပ်စစ်ဝန်ထမ်းအယောင်ဆောင်၍ ငွေတောင်းခံပါက တိုင်ကြားနိုင်

**မန္တလေး ဩဂုတ် ၈**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ခရိုင်နှင့် မြို့နယ်အတွင်း လျှပ်စစ်ဝန်ထမ်းအယောင်ဆောင် အမည်မသိသူများမှ မီးသုံးသူများထံသို့ လာရောက်၍ အကြောင်းအမျိုးမျိုးဖြင့် ငွေတောင်းခံနေခြင်းများ ဖြစ်ပေါ်နေပါသဖြင့် မိဘပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်၍ ဥပဒေအရ အရေးယူဆောင်ရွက်သွားရမည့် မသမာမှုများရှိပါက ဖုန်း ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃ ၆၆၆ နှင့် ၀၂-၄၀၇၂၆၁၈ တို့သို့ အသိပေးတိုင်ကြားနိုင်ကြောင်း မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အသိပေးပန်ကြားထားသည်။

(၀၄၅)

## လမ်းမနှင့်နေအိမ်အမိုးပေါ်သို့ မန်ကျည်းပင်လဲကျနေသဖြင့် ဖယ်ရှားရှင်းလင်း

**မင်းဘူး ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၄) နယ်မြေ ရှမ်းစုရပ်ကွက်တွင် ယမန်နေ့ ညနေ ၃ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး မြေပွ၍ မန်ကျည်းပင် လမ်းနှင့် နေအိမ်တစ်လုံးပေါ်သို့ လဲကျနေသည်။

အဆိုပါ မန်ကျည်းပင်မှာ မင်းဘူးမြို့၊ အမှတ်(၄) ရှမ်းစုရပ်ကွက်၊ ချမ်းသာကြီး-မှန်ကင်းကျောင်းလမ်းဘေးမှ သက်တမ်းရင့်မန်ကျည်းပင်ဖြစ်ပြီး မိုးရွာသွန်း၍ မြေပွကာ လမ်းနှင့်အိမ်တစ်လုံးပေါ်သို့ လဲကျနေကြောင်း သတင်းရရှိသဖြင့် အမှတ်(၄)နယ်မြေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မင်းဘူးမြို့ မီးသတ်စခန်းမှ ဒုမြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဖယ်ရှားကာ ကူညီဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ မန်ကျည်းပင်လဲကျမှုကြောင့် လူနှင့်တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း နေအိမ်အမိုးနှင့်သွပ်များ အနည်းငယ် ထိခိုက်ပျက်စီးသွားသဖြင့် သက်ဆိုင်ရာဌာနများမှ လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကာ ရပ်ကွက်နေပြည်သူများ သွားလာမှု အဆင်ပြေစေရန် အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။ (ယာပုံ)(၅၀၄)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် ဩဂုတ် ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက တာချီလိတ်မြို့နယ်၊ ဝမ်ကဲ(၂)ကျေးရွာအနီးတွင် မသင်္ကာဖွယ် တွေ့ရှိသူ အိုက်နွံဆိုသူအား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်နွံ (၅၂) နှစ်ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## အမရပူရမြို့နယ် တောင်အင်းမြောက်အင်း အမှိုက်ပုံ မီးလောင်

**အမရပူရ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ညောင်ပင်စောက်ကျေးရွာရှိ တောင်အင်းမြောက်အင်း အမှိုက်ပုံတွင် ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မန္တလေးတိုင်းဒေသကြီး ဇဗ္ဗုဟိမီးသတ်စခန်းမှ အုပ်ချုပ်ယာဉ်တစ်စီး၊ မန္တလေးခရိုင်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ချမ်းအေးသာစံမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ အမရပူရမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မြစ်ငယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ နတ်ရေကန်၊ တောင်သမန်၊ ဖျောက်ဆိပ်ကုန်း၊ ယာတော်၊ ဘုံးအိုး အရန်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေသယ်ယာဉ်များဖြင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ထွက်ခွာငြိမ်းသတ်ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)



# မန္တလေးမြို့တွင် နေထိုင်လျက်ရှိကြသော ကိုးကန့်တိုင်းရင်းသားများ၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ MNDAA အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ပြန်လည်ဝင်ရောက်လာခြင်းသည် Online လောင်းကစား(ကျားဖြန့်)လိမ်လည်မှုလုပ်ငန်းများကို တိုက်ဖျက်ရှင်းလင်းရေးနှင့် ကိုးကန့်ကျေးလက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ အဆင်ပြေစေရန် ဆောင်ရွက်မည့်အကြောင်း MNDAA အဖွဲ့၏ ကြေညာချက်ထုတ်ပြန်ထားရှိခြင်းကို ကြားသိခဲ့ရပါသည်။

၂။ ၂၀၂၄ခုနှစ်၊ ဇူလိုင်လတွင် MNDAA အဖွဲ့သည် နယ်မြေကျူးကျော် စစ်ဆင် အကြမ်းဖက်သည့်လုပ်ရပ်များကို အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများပါဝင်လျက် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်မြေဒေသများ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေ၍ လားရှိုးမြို့အတွင်း တိုက်ပွဲများ ဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေသော အပြစ်မဲ့ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူကြီးနှင့် ကလေးသူငယ်များ သေဆုံးခဲ့ရပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ယခုအချိန်အခါတွင် ထောင်ပေါင်းများစွာသော ဒေသခံတိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည်စွာ စုဆောင်းရှာဖွေခဲ့ရသည့် နေအိမ် စည်းစိမ် ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ အခြားမြို့များသို့ စစ်ဘေးတိမ်းရှောင်နေရသည့်ဘဝကို နေ့စဉ်နှင့်အမျှ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ် တွေ့မြင်နေရပါသည်။ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များအား လုံးဝ(လုံးဝ)ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ ၁၉၆၇ ခုနှစ်နောက်ပိုင်း ကိုးကန့်ဒေသ နယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် အချို့သောကိုးကန့်တိုင်းရင်းသားမိသားစုများတို့သည် အေးချမ်းတည်ငြိမ်မှုရှိသော လားရှိုး၊ မန္တလေး၊ ရန်ကုန်စသည့် အခြားမြို့များတွင် နှစ်ပေါင်းများစွာကတည်းက ရောက်ရှိနေထိုင်လျက်ရှိပါသည်။ အခြားသောတိုင်းရင်းသားမိသားစုများနှင့်အတူ သာရေး၊ နာရေး၊ လူမှုရေး အသင်းအဖွဲ့များတွင် အတူတကွပါဝင်ကူညီလျက်ရှိပြီး အမျိုး ဘာသာ သာသနာနှင့် လူမှုရေးကိစ္စအဝဝတွင် လူမျိုးမရွေး ဘာသာမရွေး တတ်စွမ်းသမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ မည်သည့်နိုင်ငံရေးအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာရှိရှိ အစဉ်အမြဲခံယူပြီး ဥပဒေဘောင်အတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိကြပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အမြန်ဆုံးအေးချမ်းပါစေ။**



**ဗုဒ္ဓဘာသာကိုးကန့်ဓမ္မာရုံ**
**ကိုးကန့်တိုင်းရင်းသားမိသားစုများ**
**မန္တလေးမြို့။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "U Naing Htun" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ နိုင်လင်းထွန်းအား ည ၉ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Hnin Ea Krai" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်နေ နှင်းနှင်းအေးအား ည ၉ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ "ဝဏ္ဏထွန်း (Wanna Tun)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁၀) ရပ်ကွက်နေ ထွန်းရီအား ည ၈ နာရီ ၅၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်ရွာကို စစ်တပ်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူ ခုနစ်ဦး သေဆုံးဟု မဟုတ်မမှန်ရေးသား ဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်ရွာကို ဩဂုတ် ၆ ရက် ညပိုင်းတွင် စစ်တပ်က လေကြောင်းဖြင့် ဗုံးကြဲချတိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူ ခုနစ်ဦး သေဆုံးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်နေသည့် ကာလတွင် ဒေသခံပြည်သူလူထု၏ သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် နေရာကိုသာ တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား Drop Bomb များ၊ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ပြီး ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ လက်နက်ကြီးများ၊ ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက နိုင်ငံတကာမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို ဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့နယ်ကို အကြမ်းဖက်သမားများက မကြာမီ တိုက်ခိုက်မည်ဆိုသော သတင်းများကြောင့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ မိသားစုဝင်များသည် ပြောင်းရွှေ့နေကြောင်း ကောလာဟလသတင်းများ ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ကို အကြမ်းဖက်သမားများက မကြာမီ တိုက်ခိုက်မည်ဆိုသော သတင်းများကြောင့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ မိသားစုဝင်များသည် ပြောင်းရွှေ့နေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက ကောလာဟလ သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းမှာ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းသာ ဖြစ်ကြောင်း သိရှိရပြီး ဒေသတည်ငြိမ်အေးချမ်းမှု




ပျက်ပြားစေရန်၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းစေရန်၊ ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနှင့် ပူးပေါင်းကာ မြို့၊ ရွာ လုံခြုံရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသော ကောလာဟလ သတင်းများအား ပြည်သူများ မယုံကြည်ကြရန်နှင့် ယင်းမြို့တွင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများမှာ ပုံမှန်သွားလာလျက်ရှိသလို ၎င်းသတင်းနှင့်ပတ်သက်၍ ပြင်ဦးလွင်မှ ဒေသခံတစ်ဦးထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ "ကျွန်မကတော့ ပြင်ဦးလွင် ရပ်ကွက်ကြီး (၁၉) ကပါ။ ပြင်ဦးလွင်မှာကတော့ အေးအေးချမ်းချမ်းပါပဲ။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မြို့လုံခြုံရေးကို စစ်ဆေးဆောင်ရွက်နေတာပဲ ရှိပါတယ်။ အားလုံးကတော့ အေးအေးချမ်းချမ်းပါပဲ။ လိုင်းပေါ်က သတင်းတွေက ကောလာဟလတွေပဲ ဖြစ်ပါတယ်။ အဲ့ဒါတွေကတော့ ပြင်ဦးလွင်မြို့ရဲ့ တည်ငြိမ်မှုကို ပျက်ပြားအောင်လုပ်နေတဲ့ ကောလာဟလတွေပဲ ဖြစ်ပါတယ်" ဟု ပြန်လည်ပြောကြားခဲ့သည်။ **သတင်းစဉ်**

# နိုင်ငံတကာ အားကစား သတင်းများ




## အက်စတွန်ဗီလာအသင်းက ဘီလ်ဘာအိုအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၈**

နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အက်စတွန်ဗီလာအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်စတွန်ဗီလာအသင်းက ဘီလ်ဘာအိုအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အက်စတွန်ဗီလာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၄မိနစ်တွင် ရမ်ဆေး၊ ပွဲချိန် ၆၀ မိနစ်တွင် ဂျေဒန်၊ ပွဲချိန် ၈၉မိနစ်တွင် အာချာတို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

အက်စတွန်ဗီလာအသင်းသည် နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၀ရက်တွင် ဒေါ့မွန်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## အလီဟိုဗယ်လစ်ဇ်အား တစ်ရာသီအငှားစာချုပ်ဖြင့် အက်စ်ပန်ညိုအသင်း ခေါ်ယူ



**မက်ဒရစ် ဩဂုတ် ၈**

အက်စ်ပန်ညိုအသင်းသည် စပါးအသင်း လူငယ်တိုက်စစ်မှူး အလီဟိုဗယ်လစ်ဇ်အား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(ဝဲပုံ)**

အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည်ပြီးခဲ့သည့် ဘောလုံးရာသီက စပါးအသင်းမှ ဆီဗီလာအသင်းသို့ အငှားသွားရောက်ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စ်ပန်ညိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်စ်ပန်ညိုအသင်း ထုတ်ပြန်ချက်တွင် အလီဟိုဗယ်လစ်ဇ်အား အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို များစွာ ကူညီပံ့ပိုးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။ **(NGB)**

## 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၁၈ ရက်တွင် စတင်မည်

**ဝါရှင်တန် ဩဂုတ် ၈**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့်2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ လာမည့် ဩဂုတ် ၁၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၁၈ရက်မှ ၂၅ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Winston-Salem Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အာဂျင်တီးနားတင်းနစ် ကစားသမား Sebastian Baez ဖြစ်သည်။ **(အောက်ပုံ)** **(NGB)**



## ဇူးမားအား ခေါ်ယူရန် ရှာဘတ်အယ်အာလီအသင်း စီစဉ်

**လန်ဒန် ဩဂုတ် ၈**

ယူအေအီးကလပ် ရှာဘတ်အယ်အာလီအသင်းသည် ဝက်စ်ဟမ်းအသင်း နောက်ခံကစားသမား ဇူးမားအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၃ပွဲကစားပြီး ၆ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရှာဘတ်အယ်အာလီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကလည်း ဇူးမားအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ရှာဘတ်အယ်အာလီအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ ဇူးမားအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**




## ရူဘီမန်ဒီအား ခေါ်ယူရန် လီဗာပူးအသင်းစိတ်ဝင်စား

**လီဗာပူး ဩဂုတ် ၈**

လီဗာပူးအသင်းသည် ဆိုစီဒက်အသင်း ကွင်းလယ်ကစားသမား ဇူဘီမန်ဒီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၇ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ဇူဘီမန်ဒီ ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(ဝဲပုံ)**

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဆိုစီဒက်အသင်းထံမှ ဇူဘီမန်ဒီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## မားကိုစ့်ရူးစ်အားခေါ်ယူရန် LA Galaxy အသင်း သဘောတူညီမှု ရရှိ

**လန်ဒန် ဩဂုတ် ၈**

မေဂျာလိဂ်ကလပ် LA Galaxy အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဒေါ့မွန်ဝါရင့် ကွင်းလယ်ကစားသမားဟောင်း မားကိုစ့်ရူးစ်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။




အသက်(၃၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် LA Galaxy အသင်းနှင့် ၂၀၂၅+၁နှစ် သက်တမ်းရှိသည့် စာချုပ်တစ်ရပ်ချုပ် ဆိုသွားဖွယ်ရှိသည်။

ကွင်းလယ်ကစားသမား မားကိုစ့်ရူးစ်သည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၁၂-၂၀၁၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၉ပွဲကစားပြီး ဂိုးပေါင်း ၁၇၀ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား မားကိုစ့်ရူးစ်အား လာမည့် ဘောလုံးရာသီအသစ်တွင် LA Galaxy အသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

### ဘောလုံးသတင်း အတိုအထွာများ

✻ ရီးရဲလ်မက်ဒရစ် အသင်း တိုက်စစ်မှူးသစ် ဘာပေသည် အသင်းနှင့်အတူ စတင်ပူးပေါင်းပြီး လေ့ကျင့်ခန်းများ ပြုလုပ်လျက်ရှိသည်။

✻ ချဲလ်ဆီးအသင်းသည် အက်သလက်တီကို မက်ဒရစ် အသင်း တိုက်စစ်မှူး အိုမိုရီဒီယွန်အား ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။**(NGB)**

### နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၈-၂၀၂၄ သောကြာနေ့ | ညဝ၁၁း၀၀နာရီ | စိန့်ပေါလီ(ဂျာမနီ) - အတ္တလန္တာ(အီတလီ) |
| ။ | ည၁၁း၃၀နာရီ | ယူနီယံဘာလင်(ဂျာမနီ) - ဆိုစီဒက်(စပိန်) |
| ၁၀-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၀၀နာရီ | နယူးကာဆယ်(အင်္ဂလန်) - ဂျိရိုနာ(စပိန်) |
| ။ | နံနက်၀၁း၁၅နာရီ | ဘရန့်ဖို့ဒ်(အင်္ဂလန်) - ဝုပ်ဘတ်(ဂျာမနီ) |

### ၂၀၂၄မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၉-၈-၂၀၂၄ သောကြာနေ့ | ညနေ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၉)အဲ့ဝိုင် - မြဝတီ(၁၀)<br>(L,W,L,L,D) (L,L,W,D,L) | ———— |

### ၂၀၂၄ပါရီ အိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၈-၂၀၂၄ သောကြာနေ့ | ည၁၀း၃၀နာရီ | ပြင်သစ် - စပိန် |

### ၂၀၂၄ ပါရီအိုလံပစ်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲ)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၈-၂၀၂၄ သောကြာနေ့ | ည၇း၃၀နာရီ | စပိန် - ဂျာမနီ |

### အင်္ဂလိပ်ချန်ပီယံရှစ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၀-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၃၀နာရီ | ဘလက်ဘန်း - ဒါဘီ | ဘလက်ဘန်း ၃-၁ ဒါဘီ<br>ဒါဘီ ၁-၂ ဘလက်ဘန်း |
| ။ | ။ | ပရက်စတန် - ရှက်ဖီးလ်Utd | ပရက်စတန် ၀-၂ ရှက်ဖီးလ်Utd<br>ရှက်ဖီးUtd ၄-၁ ပရက်စတန် |

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှု၊မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်မှ စီစဉ်ဆောင်ရွက်မှုဖြင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲ (Impromptu Talk) အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL)ရှိ သီရိရတနာခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံအရာရှိများ၊ ကြီးကြပ်သူများနှင့် ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၂ ခုမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးနှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အင်္ဂလိပ်ဘာသာဌာနမှ တွဲဖက်ပါမောက္ခ (ဌာနမှူး)ဦးအောင်ထူးက အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲ (Impromptu Talk)နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကိုပြောကြားပြီး ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ဆုရရှိသူများကို ဩဂုတ် ၁၂ ရက်၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)



## ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရန် ဗဟိုဘဏ်ပြင်ဆင်သတ်မှတ်

**မန္တလေး ဩဂုတ် ၈**

ပြည်ပသို့ ပို့ကုန်တင်ပို့ခြင်းမှာရရှိသည့် ပို့ကုန်ရငွေမှ ယခင် ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းသို့ မြန်မာငွေလဲလှယ်ရန် ဗဟိုဘဏ်က သတ်မှတ်လိုက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၉၊ ပုဒ်မ(ခ)အရ အပ်နှံထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၂) သတ်မှတ်ရည်ညွှန်းချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၆-၁၂-၂၀၂၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၂၃)ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့သည်။

ယခုအခါ ပို့ကုန်ရငွေ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၂)ပါ သတ်မှတ်ဈေးနှုန်းအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ခဲ့သည်။

ဤအမိန့်ကြော်ငြာစာသည် ဩဂုတ် ၈ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ **(အပေါ်ပုံ)**

ပို့ကုန်သမားများအနေဖြင့် ယခုလို ရာခိုင်နှုန်းပြင်ဆင်သတ်မှတ်ချက်ကြောင့် ပို့ကုန်များ ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ပို့ကုန်ရငွေအပေါ် ပြန်လည်အသုံးပြုရသည့် ပမာဏ ၁၀ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်လာတာကြောင့် ပို့ကုန်သမားများအနေဖြင့် အဆင်ပြေလာကြောင်း ပို့ကုန်သမားတစ်ဦးက ပြောသည်။

"ပို့ကုန်ရငွေအပေါ် ဖြေလျှော့ပြီး ၁၀ ရာခိုင်နှုန်းတိုးမြှင့်ပေးလိုက်တော့ ကုန်သည်တွေအနေဖြင့် အဆင်ပြေပါတယ်။ ပို့ကုန်ရော၊ သွင်းကုန်ရော လုပ်ကိုင်သူများအတွက် ပိုမိုအဆင်ပြေလာတဲ့ အပြောင်းအလဲဖြစ်ပါတယ်။ ဗဟိုဘဏ်သတ်မှတ်ဈေးနှင့် ပြင်ပပေါက်ဈေး အရမ်းကွာခြားမှုမရှိအောင် ထိန်းသိမ်းနိုင်လျှင် ပိုမိုအဆင်ပြေပါမည်။ လက်ရှိမှာ ဗဟိုဘဏ်သတ်မှတ်ပေါက်ဈေးနှင့် ပြင်ပပေါက်ဈေးကွာခြားမှု တွက်ချက်ပြီး ပို့ကုန်တင်ပို့နေရခြင်းဖြစ်ပါတယ်"ဟု ၄င်းက ပြောသည်။ **(ရွှေမန်း)**

၀-၀-၀-၀-၀

## ဝမ်းတွင်းမြို့နယ် ပျားဆွဲ(န)ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပျားဆွဲ(န)ကျေးရွာကုန်ထုတ်လမ်းနှင့် Box Culvert တံတား(၂)စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကျေးလက်ကုန်ထုတ်လမ်း အရှည်(၁)မိုင် ၅ဖာလုံ၊ မြေသား(၂)ပေထု၊ ဂျင်း(၉)လက်မထုခင်းခြင်း လုပ်ငန်း၊ အလျား(၃)ပေ၊ အနံ(၁၈)ပေ၊ အမြင့်(၃)ပေ Box Culvert (၂)စင်းတံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။



အဆိုပါ ပျားဆွဲ(န)ကျေးလက်ကုန်ထုတ်လမ်းသည် တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Myanmar New Power ကုမ္ပဏီမှ ခွင့်ပြုငွေ ၁၃၁ ဒသမ၉၉ သန်းဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးလက်ကုန်ထုတ်လမ်းအား မြေသားပထမလွှာ CBR တိုင်းတာခြင်းလုပ်ငန်းနှင့် Degree of Compaction (၉၅)ရာခိုင်နှုန်းပြည့်မီမှုရှိ၊ မရှိ Sandcone Method ဖြင့် တိုင်းတာခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါလုပ်ငန်းများအား ယခုဘဏ္ဍာရေးနှစ် ဇွန်လပထမပတ်မှစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၃၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီး စီးပါက အိမ်ခြေ ၄၈၀၊ လူဦးရေ ၂၄၄၈ဦး၊ အကျိုးပြု ဧက ၄၂၅ ဧက အကျိုးပြုမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။ **(ဝဲပုံ)(ဝ၄ဝ)**

## ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့်ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်

**အမရပူရ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်လာစေရန် မြန်မာနိုင်ငံအတွင်း နေထိုင်သူများကို စိစစ်နိုင်သည့်တစ်ခုတည်းသော နံပါတ် Unique ထုတ်ပေးရန်နှင့် Online စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးနိုင်မည့် အခြေခံစနစ် တည်ဆောက်ရန် ရည်ရွယ်၍ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် Unique ID(Biometric) ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၉ နာရီက တမုတ်ဆိုးကျေးရွာတွင် ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သိကောင်းစရာဟောပြောပွဲကို အမရပူရမြို့နယ်၊ တမုတ်ဆိုးအုပ်စု၊ မိုင်လေးဆယ်ရွာ၊ မြတ်ဓမ္မဂုဏ်ရည်မွှေ့ရုံတွင် အမရပူရမြို့နယ်မှူး ဦးတင်ကိုကိုဝင်းမှ ယမန်နေ့ ၁၀ နာရီခွဲက ဟောပြောခဲ့ပြီး သန်းခေါင်စာရင်းဆိုင်ရာ လက်ကမ်းစာစောင်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်ရည်ရွယ်၍ ဖြန့်ဝေပေးခဲ့သည်။

ထို့အတူ အမရပူရမြို့နယ်၊ တမုတ်ဆိုးအုပ်စု ၊ ဂျီရွာအထက်တန်းကျောင်းတွင်လည်း လဝကမှူး ဒေါ်ခင်ခင်စန်း ဦးဆောင်၍ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့်လည်းကောင်း အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စုရှိ ယန္တရားအထက်တန်းကျောင်းတွင် လဝကမှူး ဒေါ်ခင်လှ ဦးဆောင်၍လည်းကောင်း ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသီးသီးကွင်းဆင်းဆောင်ရွက်ခဲ့ကြရာ နှစ်ကျောင်းပေါင်း အမျိုးသား ၁၇၃ ဦး၊ အမျိုးသမီး ၁၉၀ ဦး စုစုပေါင်း ၃၆၃ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ် ဦးစီးမှူးဦးတင်ကိုကိုဝင်းထံမှ သိရသည်။

**(အောက်ပုံ)**

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀






## တစ်လခန့် အချိန်ကာလအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲတန်ချိန် တစ်သိန်းကျော်တင်ပို့

ပြည်ပသို့ မြန်မာနိုင်ငံမှ ဆန်တင်ပို့လျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိ တစ်လခန့် အချိန်ကာလအတွင်းဆန်၊ ဆန်ကွဲ တန်ချိန်ပေါင်း ၁၁၀၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ထုတ်ပြန်သည့်စာရင်းများ အရ သိရသည်။

'တစ်လနီးပါး အချိန်ကာလ အတွင်းမှာ ပြည်ပကို ဆန်တန်ချိန် တစ်သိန်းကျော် တင်ပို့နိုင်ခဲ့ တယ်။ တင်ပို့တာက ပင်လယ်ရေ ကြောင်းကုန်သွယ်မှုကများပြီး နယ်စပ်ကုန်သွယ်မှုလမ်းကြောင်း က နည်းပါတယ်'ဟု ဆန်စပါး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

တစ်လနီးပါး အချိန်ကာလ အတွင်း ဆန်တန်ချိန် ၄၆၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၆၅၀၀၀ ကျော် ၊ စုစုပေါင်းတန်ချိန် ၁၁၀ ၀၀၀ ကျော်တင်ပို့ခဲ့ရာ စုစုပေါင်း ဆန်၊ ဆန်ကွဲတန်ချိန်ပေါင်း ၁၀၀ ၀၀၀ ကျော်ကို ပင်လယ်ရေ ကြောင်းမှလည်းကောင်း၊ ကျန် သည့် ဆန်နှင့်ဆန်ကွဲတန်ချိန် ၅၀၀၀ ကျော်ကို နယ်စပ်ကုန် သွယ်ရေးမှလည်းကောင်း တင်ပို့ ခဲ့သည်ဟုဆိုသည်။

အဆိုပါ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၆ သန်း ကျော်၊ ဆန်ကွဲတင်ပို့မှုမှာ အမေ ရိကန်ဒေါ်လာ ၂၆ သန်းကျော်၊ စုစုပေါင်းပို့ကုန်ရငွေ အမေရိကန် ဒေါ်လာ ၅၃ သန်းကျော်ရရှိ ကြောင်း ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ဆန်၊ ဆန်ကွဲတန်ချိန် ၁ ဒသမ ၆၈ သန်းကျော် တင်ပို့ခဲ့ရာ ပို့ကုန်ဝင်ငွေ သန်း ၈၀၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် စားသုံးသူ ကာကွယ်ရေးအသိပညာပေးဟော ပြောပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက မိတ္ထီလာစီးပွားရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တွင် ကျင်းပခဲ့သည်။

စားသုံးသူကာကွယ်ရေး အသိ ပညာပေးဟောပြောပွဲတွင် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်မှ ခေတ္တ ပါမောက္ခချုပ် ဒေါက်တာဖြူဖြူအိ နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော် ဇော်ဦးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင် ဦးစီးမှူးက စားသုံးသူများ၏ အခွင့်အရေးများအကြောင်း၊ စီးပွား ရေးလုပ်ငန်းရှင်များ၏ တာဝန် များ၊ တားမြစ်ချက်များ၊ ကုန် အညွှန်းအမှတ်အသားများ၊ စီမံ ခန့်ခွဲရေးနည်းလမ်းအရ အရေး ယူခြင်းလုပ်ငန်းများ၊ ပြစ်မှုပြစ် ဒဏ်များအကြောင်းနှင့် ဆက် သွယ်တိုင် ကြားနိုင်သည့် ဖုန်း နံပါတ်များကို ရှင်းလင်းပြောကြား ခဲ့ရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ ခရိုင်ဦးစီးမှူးက ပြန်လည်ဖြေ ကြားခဲ့သည်။

အဆိုပါ စားသုံးသူကာကွယ် ရေး အသိပညာပေးဟောပြောပွဲကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ခရိုင်စီမံအုပ် ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ် ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခများ၊ မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင် ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



## မိုးစပါး၊ ဆီထွက်သီးနှံနှင့်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက်(မျိုးစေ့နှင့်သွင်းအားစုများ) ထောက်ပံ့ပေးအပ်

**ငါန်းဇွန် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၏ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင် ရွက်မည့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး၊ ဆီထွက်သီးနှံနှင့် ဝါ သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် တောင်သူများအား မျိုး စေ့နှင့် သွင်းအားစုများ ထောက်ပံ့ ပေးအပ်ခြင်းအခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန ငါန်းဇွန် မြို့နယ်ဦးစီးမှူးရုံးတွင် ယမန်နေ့ ညနေ ၃နာရီ က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်လုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုး မင်းသိန်း(မြို့နယ်အုပ်ချုပ်ရေးမှူး) က အဖွင့်အမှာစကားပြောကြား ပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ဆန်းလင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဖြင့် ဆောင်ရွက်သည့် ဆီထွက် သီးနှံ(မိုးမြေပဲ)စီမံကိန်း ဆောင် ရွက်မှုများအား ရှင်းလင်းဆွေးနွေး ပြီး မျှော်မှန်းအထွက်နှုန်းတိုးတက် ရရှိစေရေး နည်းလမ်းများအား ရှင်း လင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်လုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် သွင်းအားစုလုပ်ငန်းရှင်မှ တောင် သူများအား ပုံ့ပိုးပစ္စည်းများကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးမှ မိုးသီးနှံ ပန်းတိုင်အထွက်ရရှိရေး ဆောင်ရွက်မည့် တောင်သူများ အား သွင်းအားစုပစ္စည်းများကို လည်းကောင်းပေးအပ်ခဲ့ပြီး တက် ရောက်လာသော တောင်သူများ အား လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော် မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး များ၊ သွင်းအားစုအဖွဲ့နှင့်ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့များ၊ တောင်သူအစုအဖွဲ့များနှင့် စိုက် ပျိုးတောင်သူများ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရ သည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ကိုယ်လုံပညာသင်တန်းဖွင့်လှစ်

**ကျောက်ဆည် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းတို့မှ ကြီးမှူး၍ ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက နည်းပညာတက္ကသိုလ်(ကျောက် ဆည်)အောင်ဆန်းခန်းမတွင် ကိုယ် လုံပညာသင်တန်းဖွင့်ခဲ့သည်။

သင်တန်းတွင် နည်းပညာ တက္ကသိုလ်(ကျောက်ဆည်)မှ ပါမောက္ခချုပ်ဒေါက်တာ ခင်မောင် ချင်းက ကျောင်းသား၊ ကျောင်း သူများအတွက် ကိုယ်လုံပညာ သည် ခန္ဓာကိုယ်ကျန်းမာသန်စွမ်း ခြင်း၊ စိတ်ကြည်လင်ပေါ့ပါးခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်းများရရှိပြီး ဗလငါးတန်ကိုလည်းဖွံ့ဖြိုးတိုး တက်စေလိုကြောင်း စသည့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည် ရွယ်ချက်များကို ရှင်းလင်းပြော ကြားခဲ့ပြီး သင်တန်းနည်းပြ ဒေါ်ထက်ထက်အောင်က ကိုယ် လုံပညာသည် လူတိုင်းတတ် မြောက်ထားသင့်သည့် ပညာရပ် တစ်ခုဖြစ်ကြောင်း၊ သင်တန်း ပြီးမြောက်သွားပါက ဆက်လက် လေ့ကျင့်ကစားမှုများ ဆောင်ရွက် သွားကြစေလိုကြောင်း၊ ကျန်းမာ ရေးအတွက် များစွာအထောက် အကူပြုပြီး မိမိကိုယ်ကို ပိုမို ယုံကြည်မှုများလည်း တိုးပွား လာစေမှာဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို ဆက်လက်ပို့ချခဲ့ရာ နည်းပညာ တက္ကသိုလ်(ကျောက်ဆည်)ဘာသာ ရပ်ပေါင်းစုံမှ သင်တန်းသူ ၅၉ ဦးတက်ရောက်ခဲ့ပြီး သင်တန်း ကာလမှာ ဩဂုတ် ၇ ရက်မှ ၁၁ ရက်အထိ ၅ ရက်အကြာ သင် ကြားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)

၀-၀-၀-၀-၀



## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ကန်သာယာ ရပ်ကွက်၊ ပုညနန္ဒာခမ္မာရုံ၌ ဩဂုတ် ၇ ရက်က ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အသိပညာပေးဟော ပြောပွဲ ကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူး ဦးရဲမင်းထွန်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့သည်။



ရှေးဦးစွာ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီး မှူးက လူဦးရေနှင့်အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက် ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာပေး ဟောပြောရှင်းလင်းခြင်းနှင့်တက် ရောက်လာသည့် အများပြည်သူ များအား အသိပညာပေးလက်ကမ်း စာစောင် ဝေငှခြင်းများဆောင် ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ဗဟိုဘဏ်၏ ပို့ကုန်ရငွေမူဝါဒ အပြောင်းအလဲကြောင့် ပို့ကုန်ပဲများ အနည်းငယ် ဈေးမြင့်တက်လာ

ဗဟိုဘဏ်၏ ပို့ကုန်ရငွေမူဝါဒအပြောင်းအလဲကြောင့် ပို့ကုန်ပဲများ အနည်းငယ် ဈေးမြင့်တက်လာကြောင်း ပဲ၊နှမ်းကုန်သည်များထံမှ သိရသည်။

ဗဟိုဘဏ်၏ ပို့ကုန်မူဝါဒ ၂၅ရာခိုင်နှုန်း၊ ၇၅ရာခိုင်နှုန်း သက်မှတ်ချက်ကြောင့် မတ်ပဲနှင့် ပဲစင်းငုံ အရောင်းအဝယ်မှာ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၀၀၀၀ခန့် ဈေးမြင့်တက်လာကြောင်း၊ ပြည်တွင်းသုံး ကုလားပဲ အုပ်စုနှင့် ပဲမာလိုင်းများမှာ ဈေးငြိမ်လျက် ရှိနေကြောင်း ပြည်တွင်းဆီစက်ပိုင်များ၏ ဝယ်လိုအား ကောင်းနေတာကြောင့် နှမ်းမျိုးစုံနှင့်မြေပဲဆန်မှာ ဝယ်လိုအားကောင်း ဈေးမြင့်တက်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

'ပို့ကုန်ရငွေအပေါ် မူဝါဒ အပြောင်းအလဲ သတ်မှတ်ချက်ကြောင့် ပို့ကုန်ပဲတွေ ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံတို့ တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ခန့် ဈေးမြင့်တက်လာပါတယ်။ အခြားပြည်တွင်း ကုလားပဲနဲ့ ပဲမာလိုင်းများကတော့ ဈေးငြိမ်နေပါတယ်။ နှမ်းမျိုးစုံနဲ့ မြေပဲဆန်ကတော့ ပြည်တွင်း ဆီစက်ပိုင်တွေ ဝယ်လိုအားကောင်းလို့ဈေးက ကောင်းနေပါတယ်။ ပဲဈေးကွက်တစ်ခုလုံးမှာ ပို့ကုန်ပဲတွေက တက်ရိပ်ပြလာပေမယ့် ပြည်တွင်းပဲတွေကတော့ စောင့်ကြည့်နေတဲ့သဘောပါ'ဟု ၄င်းက ပြောသည်။

ဩဂုတ် ၈ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၃၂၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိပြီး လက်ရှိဈေးတန်းက အောက်ခံဈေးတန်းဖြစ်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၃၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။

မြေပဲဆန်နှင့် နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဩဂုတ် ၈ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲပုပ်(ရှမ်း)တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၈၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ပေါက်ဈေးရှိနေသည်။

ဩဂုတ် ၈ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး ဆက်လက်မြင့်တက်နေရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ နှမ်းဖြူ(ရိုးရိုး)တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

ရွှေမန်း





## မြေပဲဆန်ဈေးမြင့်တက်လာရာ တစ်ပိဿာ ငွေကျပ် ၉၈၀၀ ထိ ပေါက်ဈေးဖြစ်လာ

မန္တလေးဈေးကွက်တွင် လက်ကျန်နည်းလာသည့် မြေပဲဆန် ဈေးမြင့်တက်လာရာ တစ်ပိဿာ ငွေကျပ် ၉၈၀၀ ထိ ပေါက်ဈေးဖြစ်လာကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းသို့ စားအုန်းဆီ တင်သွင်းမှု လျှော့ချထားတာကြောင့် မြေပဲဆီသုံးစွဲမှုမြင့်မားလာသလို ဈေးကွက်အတွင်း မြေပဲလက်ကျန် နည်းလာတာကြောင့်လည်း တဖြည်းဖြည်း ဈေးမြင့်တက်နေသည့် မြေပဲဆန်မှာ ဩဂုတ်လဆန်းပိုင်းတွင် တစ်ပိဿာ ငွေကျပ် ၉၈၀၀ထိ ပေါက်ဈေးဖြစ်လာသလို ဆက်လက် ဈေးမြင့်တက်နိုင်ကြောင်း ပဲကုန်သည်တစ်ဦးက သုံးသပ်ထားသည်။

'ပြည်တွင်းဆီစက်ပိုင်များ ဆီကြိတ်အားကောင်းနေတာနဲ့ လက်ကျန်မြေပဲကလည်း နည်းနေတော့ မြေပဲဆန်ဈေးက တစ်ပိဿာ ငွေကျပ် ၉၈၀၀ ထိ မြင့်တက်လာပါတယ်။ အသစ်ဝင် မြေပဲဆန်တွေကလည်း အဝင်မရှိသေးလို လာရင်လည်း မြေပဲအစိုတွေသာ ဝင်ရောက်လာမှာမို့ လက်ကျန်မြေပဲဆန်က ဈေးကောင်းရ အဝယ်ကောင်းနေတာပါ။ မြေပဲဆီဈေးကလည်း တစ်ပိဿာ ငွေကျပ် ၁၈၅၀၀ဈေးထိ မြင့်လာသလို ပဲဖက်တစ်ပိဿာ ငွေကျပ် ၄၇၀၀-၄၈၀၀ထိ ပေါက်ဈေးဖြစ်လာတော့ ဆီစက်ပိုင်တွေ စက်လည်အား ကောင်းနေပါတယ်'ဟု ၄င်းကပြောသည်။

ဩဂုတ်လဆန်းပိုင်းတွင် ပြည်တွင်း စားအုန်းဆီရည်ညွှန်းဈေးမြင့်တက်လာသလို မြေပဲဆီ လက်ကားဈေးမှာလည်း တစ်ပိဿာ ငွေကျပ် ၁၈၅၀၀ ပေါက်ဈေးရှိကာ လက်လီဈေးကွက်မှာ တစ်ပိဿာ ငွေကျပ်၂၀၀၀၀ကျော်ထိ ပေါက်ဈေးရှိကာ ဝယ်လိုအားကောင်း နေခြင်းဖြစ်သည်။

'မြေပဲဆန်ကို အရင်က ပို့ကုန်တင်ပို့မှုကောင်းမှသာ ဈေးကောင်းရ ဈေးမြင့်တက်တာမျိုးရှိတာပါ။ လက်ရှိမှာက ဈေးကွက်ထဲမှာ စားဆီလိုသလောက်ဝယ်မရတာနဲ့ ဈေးနှုန်းက သိပ်မကွာတော့ မြေပဲဆီက ဝယ်လိုအားကောင်းလာတာပါ။ ဒီတော့ ပြည်တွင်း ဆီစက်ပိုင်တွေ မြေပဲအဝယ်ကောင်းနေတော့ ဈေးကမြင့်တက်လာပါတယ်'ဟု ဆီစက်ပိုင်တစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ် ၈ ရက်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၂၀၀-၉၅၀၀၊ ဆီဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀-၉၅၀၀၊ အနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀-၉၅၀၀၊ပြန့်လုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၂၀၀-၉၅၀၀၊ ပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၅၁၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ရွှေမန်း

## ဆန်ဈေးကွက်တွင် ဆန်ချော ဝယ်လိုအားနည်းသဖြင့် အရောင်းအဝယ်အေး

ပြည်တွင်းဆန်စားသုံးသည့် ဆန်လက်လီလက်ကား ဈေးကွက်တွင် ဆန်ချောမှာ ဝယ်လိုအားနည်းနေသဖြင့် အရောင်းအဝယ် သိသာစွာ အေးနေသော်လည်း ဆန်ကြမ်းဈေးကွက်တွင် အရောင်းအဝယ် ပုံမှန်နီးပါးရှိကြောင်း ဆန်ပွဲရုံများမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ဇူလိုင်လ နောက်ပိုင်းမှစ၍ ဆန်ဈေးကွက်တွင် အရောင်းအဝယ်အေးသည့်တက်သို့ ရောက်ရှိလာခဲ့ပြီး စားသုံးမှုများသည့် ဆန်ကြမ်းမှာ အရောင်းအဝယ် အနည်းငယ်ရှိသည်ဟု ဆန်ပွဲစားတစ်ဦးက ပြောသည်။

'ဆန်အတက်အကျကို ကြည့်ရင် ဝယ်လိုအား တက်မလာလို့ ဈေးကွက်က အေးနေတယ်။ ဆန်ချောကတော့ အဝယ်သိသာစွာအေးနေပြီး ဆန်ကြမ်း ဝယ်သူလောက်ပဲရှိတယ်။ ဆိုင်ခန်းငှားဖွင့်တဲ့ ပွဲရုံတွေဆိုရင် အလုပ်သမားခနဲ့ ဆိုင်ခန်းငှားခကြောင့် အတော်လေး အဆင်မပြေဖြစ်ကြတယ်'ဟု ၄င်းက ပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ ဇူလိုင်လက ထုတ်ပြန်သည့် ရည်ညွှန်းဈေးများနှင့် နှိုင်းယှဉ်လျှင် ဆန်ချောမှာ ဈေးအပြောင်းအလဲ မရှိသလောက်ဖြစ်ပြီး ဆန်ကြမ်းဈေးမှာ အကျဘက်ရှိနေကြောင်း စိုက်ပျိုးထုတ်လုပ်မှုတွင် သွင်းအားစု ဈေးမြင့်တက်ခြင်း၊ အလုပ်သမားရှားပါးခြင်း၊ စိုက်ပျိုးစရိတ်ပိုမိုလာခြင်းနှင့် စိုက်ပျိုးမြေများ ရေကြီးရေလွှမ်းမှုများကြောင့် မိုးစပါးစိုက်ဧကအချို့ ပျက်စီးခြင်းများဖြင့် ရင်ဆိုင်နေရကြောင်းသိရသည်။

'စပါးစိုက်ဧကတွေမှာ ရာသီအချိန်မီ စိုက်နိုင်ဖို့ သွင်းအားစုတွေဖြစ်တဲ့ မိုးစပါးဧရိယာတွေမှာ အထွက်နှုန်း မလျော့အောင် မျိုးစပါး၊ စိုက်ပျိုးရေးဆေးနဲ့ မြေသြဇာတွေ သက်ဆိုင်ရာက ထောက်ပံ့ပေးမယ်လို့ ကြေညာထားတာရှိတယ်။ စိုက်ပျိုးရေးသွင်းအားစုတွေ ဈေးမြင့်သလို အလုပ်သမားရှားပါးပြီး လုပ်အားခမြင့်လာတာ၊ ရာသီဥတုဒဏ် ခံရတာတွေကြောင့် တောင်သူတွေမှာ စိုက်ပျိုးထုတ်လုပ်မှုမှာ အခက်အခဲတွေ ကြုံရတယ်'ဟု ၄င်းက ဆက်လက်ပြောကြားသည်။

(မန္တလေးနေ့စဉ်-၉)



# အဆင့်မြင့်တန်(၂၀)ပုံပြောင်းဆန်စက် လည်ပတ်နေမှုအား ကြည့်ရှုစစ်ဆေး



**စဉ့်ကိုင် ဩဂုတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းပြည်သာယာပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေးကိုအားပေးမြှင့်တင်ပြီး ရည်မှန်းချက်ပန်းတိုင်အထွက်နှုန်းကောင်းမွန်ရေးတို့ကို ကူညီဆောင်ရွက်၍ နိုင်ငံတော်အတွက် ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ရန်ဟူသည့် ဦးတည်ချက် ၉ ရပ်အတွင်းမှ စီးပွားရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွန်ကြားရေးမှူး ဦးထွန်းဇော် ဦးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာရှိ သမဝါယမအသင်းစုပိုင် ပုလဲအမှတ်(၈)ဆန်စက်ဝန်းအတွင်း၌ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီ က အဆင့်မြင့်တန် ၂၀ ပုံပြောင်းဆန်စက် လည်ပတ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ တန် ၂၀ ပုံပြောင်းဆန်စက် လည်ပတ်နေမှုအား မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့်အဖွဲ့သည် ဆန်စပါးဝယ်ယူကြိတ်ခွဲခြင်းလုပ်ငန်းများ၊ စပါးသိုလှောင်ထားရှိမှုအခြေအနေများ၊ ထွက်ရှိမှုအခြေအနေများ၊ ဂိုဒေါင်အတွင်း စပါးများ ဝယ်ယူသိုလှောင်ထိန်းသိမ်းမှုအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆင့်မြင့်တန် ၂၀ ပုံပြောင်းဆန်စက်မှ တစ်နာရီလျှင် ဆန်အိတ် ပိုင်း ၁၈ ပိုင်း၊ ၂၄ နာရီလည်ပတ်ပါက ဆန်အိတ်ပေါင်း ၃၇၀ ပိုင်း ကြိတ်ခွဲနိုင်ပြီး ဆန်အိတ်တစ်ပိုင်းကြိတ်ခွဲမှုနှုန်းထားခမှာ ငွေကျပ် ၁၀၀၀ ပေးဆောင်ရပြီး ထိုင်းနံ့ကောက်ဆန်တစ်ပိုင်းလျှင် ငွေကျပ် ၆၅၀၀၀ နှုန်း၊ ပွိုင့်ဖွဲ တစ်ပိုင်းလျှင် ၁၂၀၀၀ နှုန်း၊ ရိုးရိုးဖွဲတစ်ပိုင်းလျှင် ငွေကျပ် ၁၃၀၀၀ နှုန်းထားများဖြင့် လည်ပတ်ရောင်းချပေးလျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစု အတွင်းရေးမှူးထံက သိရသည်။

**(အပေါ်ခဲပုံ)**

**(၄၅၁)**

✱—✱—✱—✱—✱

✱—✱—✱—✱—✱—✱—✱

# ကြက်သွန်နီဈေးကွက်တွင် လက်လီကိုသာ အဓိကရောင်းချနေရပြီး အရောင်းအဝယ်အေးနေ

စားဖိုချောင်သုံး ကြက်သွန်နီဈေးကွက်တွင် ပြည်တွင်းစားသုံးသူ လက်လီဈေးကွက်ကိုသာ အဓိကရောင်းချနေရပြီး ဝယ်လိုအားနည်းသောကြောင့် ပွဲရုံများတွင် အရောင်းအဝယ်အေးနေကြောင်း မန္တလေးကြက်သွန်နီပွဲရုံများမှ စုံစမ်းသိရှိရသည်။

လက်ရှိတွင် တစ်နေ့ရာမှ တစ်နေ့ရာသို့ သယ်ယူပို့ဆောင်ရသည့်စရိတ်ကြီးမားသဖြင့် ပြည်ပတင်ပို့မှုတွင် ဈေးကွက်ပြောင်းလဲအောင် ဝယ်ယူမှုမရှိခြင်းနှင့် လက်လီဈေးကွက် အဝယ်နည်းပါးခြင်းကြောင့် ဖွန်လလယ်နောက်ပိုင်း အကျဘက်ရောက်ရှိလာသည်ဟု ကိုင်းတန်းဈေး၊ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

"တစ်နေ့ရာနဲ့ တစ်နေ့ရာကူးဖို့ စရိတ်ကြီးမြင့်တာရယ်၊ သက်နိကတည်းက ရာသီချိန်ကျော်ခဲ့တာ ၄ လလောက်ရှိလို့ အနာအဆာများသလို ကြက်သွန်အရည်အသွေး ကျလာတယ်။ ကြက်သွန်နီအရွယ်ကြီးက တစ်ပိဿာ ၄၀၀ လောက်နဲ့ အရွယ်အသေး တစ်ပိဿာကို ငွေကျပ် ၁၀၀-၂၀၀ ဈေးကျတယ်။ အိတ်လိုက်ရောင်းဖို့တောင်မလွယ်တော့ လက်လီဈေးကွက်ကို အဓိကအားကိုးနေရတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ ကြက်သွန်နီဈေးကွက်တွင် မြစ်သားကြက်သွန်နီ အဟောင်းများမှာ လက်ကျန်နည်းပါးနေပြီး မြင်းခြံ(အဝါစ)နဲ့ မုံရွာ(အနီစ)များသာ အရောင်းအဝယ်ရှိနေသော်လည်း ပွဲရုံများတွင် တစ်နေ့တွက် ရောင်းအားရှိသလောက်သာ ပွဲရုံတင်ရောင်းချကြကြောင်း၊ ကြက်သွန်နီလှောင်ထားသူများမှာ ပိဿာချိန် ၁၀၀၀၀ လျှင် အချိန် ၅၀၀ ဝန်းကျင် လျော့သဖြင့် အရောင်းအဝယ်အေးနေသောကြောင့် အရင်းရရှိရန်သာ ရောင်းချနေရကြောင်း သိရသည်။



မန္တလေးကြက်သွန်နီလက်ကားဈေးတွင် ဖွန်လလယ်မတိုင်မီက တစ်ပိဿာလျှင် အရွယ်အကြီးအသေးရောရာမှာ ငွေကျပ် ၁၃၀၀၊ အရွယ်ကြီးမှာ ငွေကျပ် ၁၈၀၀ ဝန်းကျင်ရှိခဲ့ရာမှ လက်ရှိတွင် အရွယ်အစားသေးကြီးရောရာ ငွေကျပ် ၁၄၀၀ မှ ၂၃၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

✱—✱—✱—✱—✱


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး


## ဝါခေါင်မည်ပ ဝါတွင်းကာလ

— — — — — — — — — — — — —

* သိဟ်ရာသီ ဝါခေါင်လ မှာကွယ့်
ခတ္တာအလှ ပွင့်ဝေဆာ။
သရဝဏ်မည် နက္ခတ်စန်း
ဖြန့်ကြက်လွှမ်းကာ။
ဗုဒ္ဓဟူးနဲ့ နေ့သောကြာ
ရက်ရာဇာ ချမ်းသာအေး။
နဂါးခေါင်းရယ် တည်မြောက်ဘက် ကိုကွယ့်
လှည့်လျက်စောင့်ပေး။
* ချိန်ရာသီ မိုးစက်ဖွေးတို့
ပုလဲအသွေး စွေစွေသီ။
တိမ်မည်းညို ခြယ်သမှုန်း
အလှဆုံးပန်းချီ။
ဗျိုးတာရာကွယ့် တူယှဉ်တည်
ကောင်းကင်သည် ထွန်းတောက်ပ။
ခြင်္သေ့သဏ္ဌာန် ရာသီရပ် ရယ်က
စောင့်ချုပ်ပေစွ။
* တော တောင် ရေမြေ စိမ်းစိုမြလို့
အေးချမ်းလှ မြန်ပြည်တစ်ခွင်။
စာရေးတံမဲ ပူဇော်မှု
ပေါင်းစုန္ဒဆင်။
ကြာသပတေးနှင့် စနေပင်
နေ့ဆိုးတွင် ပြဿဒါးမှတ်။
ဝါခေါင်လမည် ဝါဆိုတွင်း မယ်
(သီလစောင့်ထိန်း ကုသိုလ်ပြုကာပ)
မေတ္တာနှင်းအပ်။ ။

**သူထက်ဆန်း(မန္တလေး)**




# Green Challenge Association သဘာဝပတ်ဝန်းကျင် ချစ်ခင်မြတ်နိုးသူများအဖွဲ့ စုပေါင်းသစ်ပင်စိုက်ပျိုး

**ပြင်ဦးလွင် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ Green Challenge Association သဘာဝပတ်ဝန်းကျင်ချစ်ခင်မြတ်နိုးသူများအဖွဲ့သည် ဇာတဒသမ အကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြင်ဦးလွင်မြို့နယ် ညည်ညင်းသာကျေးရွာ စည်သာဆည်အနီးရှိ စီမံခန့်ခွဲမှုတတ္တသိုလ်ဝန်းကျင်တွင် ပြုလုပ်ခဲ့သည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများ၊ GCA အဖွဲ့များက မန်းကျည်း၊ ကျွန်း၊ တမလန်း မဟော်ဂနီ၊ စိန်ပန်း၊ ကံကော်၊ ခရေ၊ နံ့သာဖြူ၊ သပြေ၊ ခါတော်မီ၊ သရက်၊ ဇန်ဒါ၊ လင်လွန်း အပါအဝင် စုစုပေါင်း သစ်ပင် ၇၇၇ ပင် စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်များဝယ်ယူရန်နှင့် သယ်ယူပို့ဆောင်ရန်အတွက် စေတနာရှင် ဦးကြည်ထွန်း+ဒေါ်ဝင်းမြတ်သူက ငွေကျပ် ၁၀ သိန်း၊ ဦးဇော်ဝင်းခိုင်မိသားစုက ငွေကျပ် ၅ သိန်းနှင့် ဦးအောင်မျိုးပိုင်က ငွေကျပ် ၁၀ သိန်း ထည့်ဝင်လှူဒါန်းကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



## သစ်ပင်စိုက်ပါ
## တို့ကမ္ဘာ
## သာယာလှပ
## စိမ်းမြမြ။

## သတင်းပဒေသာ

### စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ပံ့ပိုးမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက လင်းခေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ ပတ္တမြားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျိုင်းတုံမြို့နယ်၊ ယန်းကျိန်ကျေးရွာအုပ်စု၊ ဝမ်တောင်းကျေးရွာ၌ ကျင်းပသည်။ သင်တန်းကာလပြီးဆုံးပါက လုပ်ငန်းထူထောင်လိုသူ ထူးချွန်သင်တန်းသူ ငါးဦး ရွေးချယ်ပြီး အပ်ချုပ်စက်များနှင့် လုပ်ငန်းသုံးပစ္စည်းများကို အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနမှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးစာဖတ်ခန်းတွင် ပုံပြင်ပြောခြင်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် ကလေးသူငယ်များ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန်၊ အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ ကလေးစာကြည့်တိုက်အပေါ် စိတ်ပါဝင်စားလာစေရန်၊ ကလေးစာဖတ်ခန်းနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ပြောဆိုဆွေးနွေးနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ဩဂုတ် ၆ရက် နံနက်ပိုင်းက ကလေးစာဖတ်ခန်းတွင် ပုံပြင်ပြောခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ရေတိုက်စားပြီး ကားလမ်းယိုယွင်းပျက်စီးမှုဖြစ်ပွား၊ အမြန်ဆုံး ပြန်လည်ပြုပြင်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စေတုတ္တရာ ငဖဲပဒါန်းသွားကားလမ်း မိုင်တိုင်အမှတ်(၂၄/၄)နှင့် (၂၄/၅) ကြားရှိ ဒုံချောင်းရေကျော်နေရာတွင် ရေတိုက်စားပြီး ကားလမ်း ယိုယွင်းပျက်စီးမှုဖြစ်ပွားခဲ့ရာ ဩဂုတ် ၃ ရက်တွင်လည်း အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အမျိုးသမီးစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

ရှမ်းပြည်နယ် အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများအတွက် ဝင်ငွေတိုးရေး အမျိုးသမီးစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငကြောင်ကျေးရွာအုပ်စု၊ ရတနာပုံကျေးရွာမွှာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူငယ်ရေးရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အသိပညာပေး နံရံကပ်စာစောင် ပြသခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဖောင်းတောကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ (၉၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းဖြင့် စတင်



**ညောင်ဦး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ (၉၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဩဂုတ် ၆ ရက် နံနက် ၇ နာရီမှ စတင်ကာ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းတို့ဖြင့် စတင်ဖွင့်လှစ် ပူဇော်နေပြီဖြစ်သည်။

ညောင်ဦးမြို့ စွယ်တော်လေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သော လောကနန္ဒာစွယ်တော်မြတ်စေတီ၏ ဗုဒ္ဓပူဇနီယပွဲတော်ကို စေတီတော်ရင်ပြင်တော်ပေါ်တွင် ပင့်သံဃာ ၁၇၀ ပါးတို့အား ဩဂုတ် ၁၂ ရက်တွင် စွယ်တော်မြတ်စေတီရင်ပြင်တော်ပေါ်၌ ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်ခြင်းနှင့် သံဃာတော်တို့အား ဆွမ်းကပ်လှူခြင်း၊ မြန်မာပြည်အရပ်ရပ်မှ ဆွမ်းသပိတ်လုံး ကုသိုလ်ရှင်များ၏ လှူဒါန်းထားသည့် နဝကမ္မအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခြင်းများဖြင့် လောကနန္ဒာစွယ်တော်မြတ်စေတီ ဗုဒ္ဓပူဇနီယပွဲတော်အား ရိုးရာမပျက် ကျင်းပသွားမည်ဖြစ်သည်။

လောကနန္ဒာစွယ်တော်မြတ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ မြန်မာပြည်အရပ်ရပ်မှ ကုသိုလ်ရှင်များ နည်းများမဆို ဆွမ်းသပိတ်လုံးများ လှူဒါန်းနိုင်ကြောင်း၊ လောကနန္ဒာစွယ်တော်မြတ်စေတီ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးထင်လင်းဦး၊ ဖုန်း ၀၉-၄၀၂၅၀၀၃၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ လောကနန္ဒာ ဗုဒ္ဓပူဇနီယပွဲတော်တွင် ဧရာဝတီမြစ်လယ်ကျွန်းကျေးရွာများမှ လောင်းလှေများဖြင့် လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးအား ဦးတိုက်ပူဇော်ခြင်း၊ ခေတ်အဆက်ဆက် လောင်းလှေပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည့် ပြယုတ်များကို အလှပြပြသခြင်းနှင့် အခြားမြို့များမှ ဆယ်နှစ်ပွဲ ဈေးသည်များဖြင့် စည်ကားနေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၈၁)**




## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေးဝင်းတို့ ဦးဆောင်၍ မန္တလေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ တပ်ဖွဲ့ဝင်များ မိသားစုဝင်များမှ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် ၂၉လမ်းနှင့်၈၁လမ်းထောင့်ရှိ ဗဟိုမီးသတ်စခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှဝေပြီး နေ့ဆွမ်းဆက်ကပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဧည့်သည်တော်များနှင့် မီးသတ်တပ်ဖွဲ့ဝင်မိသားစုများအား နေ့လယ်စာ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။**(၀၄၅)**



## မြစ်သားမြို့နယ်တွင် အငြိမ်းစားပင်စင်ယူသွားသည့် ပညာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

**မြစ်သား ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် (၉၀)ကြိမ်မြောက် ပညာရေးမိသားစု ပင်စင်၊ နာရေးထောက်ပံ့မှုအသင်းမှ အငြိမ်းစား ပင်စင်ယူသွားသည့် ပညာရေးဝန်ထမ်းတစ်ဦးနှင့် နာရေးထောက်ပံ့ ပညာရေးဝန်ထမ်းနှစ်ဦးအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ထောက်ပံ့ငွေပေးအပ်ရာတွင် ပညာရေးမိသားစုပင်စင်၊ နာရေးထောက်ပံ့မှုအသင်းမှ မြို့နယ်ပညာရေးမှူး ဒေါ်ပြုံးကြည်မှ မှဒိတာစကားပြောကြားခဲ့ပြီး ပညာရေးမိသားစုပင်စင်၊ နာရေးထောက်ပံ့မှုအသင်းဝင် ၁၂၁၄ဦးတို့က အ·မ·ကကျောင်းမှ ဆရာမကြီး ဒေါ်ညိုညို၊ အ·မ·ကကျောင်းမှ ဆရာမကြီး ဒေါ်ခိုင်ဇာလင်းနှင့် အ·ထ·ကခွဲ ကျောင်းမှ ဦးသန့်ဇင်ထွန်းတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၈၉၀၀၀၀ ဖြစ်ပြီး စုစုပေါင်း သုံးဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၅၆၇၀၀၀၀ အား တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ပညာရေးမိသားစုပင်စင်၊ နာရေးထောက်ပံ့မှုအသင်းကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့အထိ အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပညာရေးမိသားစုပင်စင်၊ နာရေးထောက်ပံ့မှုအသင်းမှ အသင်းဝင်ငါးဆူကျောင်းအုပ်ဆရာကြီး ဦးဇော်သိန်းထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## သက်ကြီးအငြိမ်းစားတပ်ဖွဲ့ဝင်များအား အိမ်တိုင်ရာရောက် ထောက်ပံ့

**မန္တလေး ဩဂုတ် ၈**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦး ဇော်ဝင်းထွန်းတို့မှ အငြိမ်းစား သက်ကြီးမီးသတ်ဝန်ထမ်းဟောင်းများအား ထောက်ပံ့လျက်ရှိရာ ဩဂုတ် ၆ ရက် မွန်းလွဲ ၁နာရီက အမရပူရမြို့နယ် မီးသတ်ဦးစီးမှူးနှင့်အတူ အမရပူရမြို့နယ်တွင် နေထိုင်သော မီးသတ်တပ်ကြပ်ကြီး(ငြိမ်း)ဦးဗလအား ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဓဲပုံ)(၀၄၅)**

# ဇာတိကို တန်ဖိုးထားသူတို့ရဲ့ မနောဓာတ်

လွန်ခဲ့တဲ့ နှစ်လလောက်က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့ရဲ့ မြောက်ဘက်၊ ရွှေလင်းဆွဲကျေးရွာအုပ်စု၊ ရွှေလင်းဆွဲရွာ၊ အင်းဝဘုန်းတော်ကြီးကျောင်းဝိုင်းထဲက ဇရပ်ပေါ် ရောက်သွားတယ်။ ဇရပ်ပေါ်မှာ လူတွေက တော်တော်များတယ်။

ကွမ်းမြုံ့သူ၊ ဆေးလိပ်ဖွာသူ၊ ရေနွေးကြမ်းငုံ့သူ၊ လက်ဖက်ဝါးသူ၊ ဒူးလှုပ်သူ၊ ပေါင်လှုပ်သူ၊ ခေါင်းငြိမ့်သူ၊ ဝဲကုပ်သူစသဖြင့် ပုံစံအမျိုးမျိုးနဲ့ ထိုင်နေကြတယ်။

ဇရပ်ရဲ့ အရှေ့တောင်ထောင့်တွင် ပဥ္စင်းငယ်တစ်ပါးထိုင်နေတာကို တွေ့မြင်ရတယ်။ ပဥ္စင်းငယ်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ ထိုင်နေရှာပါတယ်။ ‘မင်္ဂလာတရားတော်ဆိုတာ မကောင်းတာမှန်သမျှ ပယ်ဖျောက်ပြီး ကောင်းတာမှန်သမျှ ပေးစွမ်းနိုင်တယ်ဆိုတာ အားလုံးသိကြတယ်နော်။ ဒါကြောင့် မင်္ဂလာတရားတော်ထဲမှာပါတဲ့ ပူဇာစ ပူဇနေယျာနံ ဆိုတဲ့ မင်္ဂလာနဲ့အညီ၊ မောင်ပဥ္စင်း မောင်နန္ဒကို တို့ ‘တစ်ရွာလုံးက ဝိုင်းဝန်းပူဇော်ကြဖို့ ပဏ္ဍာမတိုင်ပင်ကြတာနော်’။

‘ပဏ္ဍာမတိုင်ပင်ပြီးရင်တော့ နွားရှေ့ထွန်ကျူးမဖြစ်ကြရအောင် သိမ်တော်ကျောင်းဆရာတော်နဲ့ အင်းဝကျောင်းဆရာတော်တို့ဆီ သွားပြီး လျှောက်ထားကြရမယ်။ လျှောက်ထားတယ်ဆိုတာ နားထောင်ပါ့မယ်လို့ ဝန်ခံကြတာနော်။ ဆရာတော်ကြီးနှစ်ပါးရဲ့စကားကို မြေဝယ်မကျ နားထောင်ကြရမယ်ဆိုတာကိုလည်း ကြိုတင်ပြီး သိထားကြနော်’။

‘ဉာတကာနဉ္စသင်္ဂဟောဆိုတဲ့ မင်္ဂလာတရားကိုလည်း အာရုံပြုကြဖို့ လိုမယ်ထင်တယ်နော်’။

‘အာရုံပြုဖို့ လိုမယ်ထင်တာ မဟုတ်ဘူးဗျို့။ ဒီမင်္ဂလာကို လက်စွဲပြုရမှာဗျာ့။ လက်စွဲပြုရမှာ’

‘မှန်တယ်ဗျာ။ ဒီစကားဟာ အမှန်ကို မှန်တဲ့စကားပဲ။ ဒီမင်္ဂလာကွယ်သွားရင် ဆွေဆက်၊ မျိုးဆက်၊ လူမျိုးဆက် ဆိတ်သုဉ်းသွားမှာပေါ့ဗျာ့’

‘ဟုတ်ပါ့ကွာ။ အခုတောင် ဒီမင်္ဂလာက ကွယ်ချင်နေပြီလေ။ နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲဆိုရင် အမျိုးလို့ မထင်ချင်ကြတော့ဘူးလေ။ ဒါဟာ မင်္ဂလာပျောက်ကွယ်စ ပြုနေတာပဲ မဟုတ်လား’

‘အေးကွာ။ ဉာတကာနဉ္စသင်္ဂဟောဆိုတဲ့ ဒီမင်္ဂလာတရားဟာ ဇာတိကိုပြတာကွ။ ဇာတိကို ထိန်းမှ၊ ဇာတိကို စောင့်ရှောက်မှ ဒါမှ ဒီမင်္ဂလာ မကွယ်မှာ’။

‘ခက်တော့လည်း ခက်တယ်လေ။ ဇာတိကို ဖျောက်ပြီး၊ ပဝတ္တိနယ်မြေမှာပဲ အရိုးချ၊ နာမည်ယူသွားကြတဲ့ ပုဂ္ဂိုလ်တွေကလည်း အများသားကွ’။

‘နမူနာလေး၊ ဘာလေးနဲ့၊ သာဓကလေးနဲ့ ပြောရင် မကောင်းဘူးလားလေ။ ပိုပြီး ခိုင်လုံသွားတာပေါ့’။

‘အင်းဝမြို့က ဗားကရာကျောင်း၊ အင်းဝပျက်တော့ အမရပူရမြို့၊ ဗားကရာကျောင်းက ဗားကရာဆရာတော်လို့ နာမည်ကြီးတဲ့ သက္ကရာဇ် ၁၁၀၀ ပြည့်နှစ်ဖွား၊ လူနာမည် မောင်ကျော်ထွေးခေါ် မောင်ညီပု၊ ရဟန်းတော်ဘွဲ့ ဦးနန္ဒမာလာဟာ ဟောဒီမြိုင်ရွာသားစစ်စစ်ပဲကွ’။

‘ဟုတ်ပါ့ဗျာ။ မွေးဖွားရာ ဇာတိပြီး၊ နေထိုင်ရာ ပဝတ္တိက နေရာယူ၊ ယူသွားကြတာ အသဲနာစရာပဲဗျာ။ ဇာတိတွေ ပျောက်သွားကြတာကလည်း တော်တော်ကို များတယ်ဗျာ’။

‘ဇာတိကို မမေ့မှ၊ ဇာတိမပျောက်မှ ဆွေရယ်၊ မျိုးရယ်ဆိုတာ သိနေကြမှာ။ ဆွေရယ်၊ မျိုးရယ်လို့သိနေမှ ဉာတကာနဉ္စ မင်္ဂလာ မကွယ်မှာလေ။ မင်္ဂလာတရားတော် မကွယ်မှ၊ မပျောက်မှ မကောင်းတဲ့ဘေးဆိုး၊ ကြမ္မာဆိုး၊ ကပ်ဆိုးတွေက ကင်းမယ်။ မကောင်းတာတွေ ကင်းပျောက်မှ လောကကြီးမှာ ချမ်းချမ်းသာသာနဲ့ နေကြရမှာလေ’။

‘ဒီရွှေလင်းဆွဲရွာ ဇာတိစစ်စစ်ဖြစ်ပြီး ဇာတိပျောက်သွားတဲ့ ပညာရှိကြီးတစ်ယောက်ရဲ့အကြောင်းကိုကော မပြောကြတော့ဘူးလားဗျာ့’။

‘မပြောဘဲနေလို့ ဘယ်ဖြစ်မလဲလေ။ ပြောရေးရှိလာတော့လည်း ပြောရတော့မှာပေါ့ကွယ်။ တကယ့်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ပညာတတ်ကြီး တစ်ဦးပဲ မဟုတ်လား’။

‘ဘိုးတော်မင်းတရား နန်းတက်ပြီးတဲ့နောက် တစ်နှစ်အကြာ ၁၁၄၄ ခုနှစ်မှာ မဟာဇေယျသူရသင်္ခယာဘွဲ့၊ ၁၁၄၅ ခုနှစ်မှာ မင်းကြီး သီရိမဟာနန္ဒသင်္ကြန်ဘွဲ့၊ ဘကြီးတော်မင်းလက်ထက်မှာ ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်ဘွဲ့၊ အဂ္ဂမဟာ သေနာပတိ ဗိုလ်မှူးကြီးဘွဲ့၊ ကုန်းဘောင်မင်းတရားလက်ထက်မှာ ဝန်ကြီးသတိုးမင်းကြီး မဟာသုဓမ္မရာဇာကျော်ထင်ဘွဲ့၊ တရားဝန်ကြီးချုပ်ဘွဲ့တို့ကို ရရှိခဲ့တဲ့သူဟာ ကျုပ်တို့ ရွှေလင်းဆွဲရွာသားဆိုတာ မသိကြဘူးဗျာ’။

‘အဲဒီပုဂ္ဂိုလ်ကြီးရဲ့ တခ်ဏ္ဏပွတ္တိဉာဏ်၊ ဂမ္ဘီရဉာဏ်တို့ကလည်း ဘယ်သူမှ လိုက်လို့မှီဖို့ လွယ်မယ်မထင်ပါဘူးဗျာ။ ဘေးလူတွေရဲ့ ဂုံးစကားကို ယုံကြည်မိသွားတဲ့ ဘိုးတော်မင်းတရားကြီးက ညည်းလာခံပြီးတော့ အဲဒီပညာရှိကြီး တစ်ယောက်ထဲ ခေါ်ပြီး ‘ထီးနန်းစည်းစိမ်ကို ငြီးငွေ့သွားပြီ။ တောထွက်ချင်ပြီ။ သင့်- မသင့် ပြောပါ’လို့ မေးတယ်’။

‘ပညာရှိကြီးကလည်း သဘောရိုးနဲ့မေးတယ်ထင်လို့ နိက္ခမပါရမီဖြည့်နိုင်က ကောင်းပါတယ်ဘုရား’လို့ ပြောလိုက်ရာ ရှင်ဘုရင်လည်း မျက်စိပျက်၊ မျက်နှာပျက်နဲ့ ရုတ်တရက်ထပြီး အတွင်းတော်ထဲ ဝင်သွားတယ်။ ရှင်ဘုရင် စိတ်ဆိုးသွားတာပေါ့’။

‘အဲဒီပညာရှိကြီးကလည်း အိမ်သို့ ပြန်လာ။ တစ်ညလုံး အတွေးစုံ တွေးတာပေါ့။ သူကို တောထွက်ခိုင်းပြီး ငါက ဘုရင်ရာထူးလုဖို့ ကြံစည်နေတယ်လို့ ဂုံးချောကြတဲ့ ဂုံးတိုက်သူတွေရဲ့စကားနဲ့ ငါလျှောက်တင်တာနဲ့ ငြိစွန်းသွားပြီလို့ ဆင်ခြင်မိသွားတယ်’။

‘ဒါနဲ့ပဲ မနက်လင်းတာနဲ့ ဆံ၊ မုတ်ဆိတ်တွေ ရိတ်၊ ပိတ်ဖြူဝတ်၊ တောင်ဝှေးဆွဲပြီး အခစားဝင်သွားတယ်။ အချိန်မဟုတ်၊ အခါမဟုတ် ဖိုးသူတော်ဝတ်နဲ့ ခ,စားဝင်လာတာမြင်တဲ့ မင်းတရားကြီးက မေးမြန်းရာ ‘သိဒ္ဓတ္ထမင်းသား တောထွက်တဲ့အခါ နောက်တော်ပါးကနေပြီး ဆန္နအမတ်လိုက်သလို အရှင်မင်းကြီးတောထွက်ပါက ဖဝါးထက်ချပ်မကွာလိုက်ပြီး ပါရမီဖြည့်ဖို့ လာပြီး စောင့်နေတာပါဘုရား’လို့ လျှောက်တင်လိုက်တယ်’။

‘ပညာရှိကြီးရဲ့စကားကို ကြားတာနဲ့ မင်းတရားကြီးက ‘ဒီအရူးကို မေးရရင် ဒီနည်းများသာ များပေတယ်’လို့ ရယ်ရယ်ရွှင်ရွှင်နဲ့ မိန့်လိုက်တယ်’။

ရွှန်းရည်ခေါင် (ဥပဒေ)

‘မောင်တို့ ပြောနေကြတဲ့ ရွှေလင်းဆွဲရွာဇာတိ၊ ပညာရှိကြီးအကြောင်းက အရင်းမကျ၊ အဖျားမရောက်၊ အလယ်ဖြစ်နေပြီနော်။ အရင်းကနေပြီး အဖျားရောက်အောင် ပြောမှ သန္တေစပ်မယ်နော်’။

‘ဟုတ်ပါပြီလေ။ ဒီရွှေလင်းဆွဲရွာသူကြီးမှာ ပိုးဇီဆိုတဲ့ သမီးတစ်ယောက်ရှိတယ်။ သူကြီးတို့မိသားစုဟာ ရန်သူဘေးကြောက်လို့ ဒီရွာကနေ ထွက်ပြေးကြတယ်။ ဟိုတုန်းက အခေါ် ရေဦးနယ်၊ မြေဒူးအောက်တိုက်၊ တန့်ဆည်ရွာကို ရောက်သွားကြတယ်။ ပိုးဇီက အရွယ်ရောက်တာနဲ့ တန့်ဆည်ရွာသူကြီးသား စံခိုင်နဲ့ လက်ဆက်ခဲ့တယ်။ စံခိုင်နဲ့ ပိုးဇီတို့မှာ သား၊ သမီး သုံးဦး ထွန်းပေါက်ခဲ့တယ်။ မောင်တုတ်ကြီး၊ မနီ၊ မောင်ပေါ်ဦးတို့ ဖြစ်ကြတယ်’။

‘မောင်ပေါ်ဦးရဲ့ ဖွားသက္ကရာဇ်က ၁၁၂၁ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့ဖြစ်တယ်။ ပြိဿရာသီမှာ လက်ထပ်ထားတာဆိုတော့ နေ့ ၁၁ နာရီနဲ့ ၁ နာရီကြား မွေးဖွားသူပဲ။ မေထုန်ရာသီမှာ ရာဟု၊ ကြဋ်ရာသီမှာ တနင်္လာ၊ သိဟ်ရာသီမှာ အင်္ဂါ၊ ဓနုရာသီမှာ ကိတ်၊ မကာရရာသီမှာ ကြာသပတေးနဲ့ သောကြာ၊ ကုမ်ရာသီမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေဂြိုဟ်တို့ရှိကြတယ်’။

‘ရွှေလင်းဆွဲရွာသူ၊ မပိုးဇီက မွေးတဲ့ မောင်ပေါ်ဦးဟာ ရွှေလင်းဆွဲရွာ ဇာတိသားမဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်ကြမလဲ’။

‘အေး တစ်ခုတော့ရှိတယ်။ မောင်စံခိုင်က တန့်ဆည်ရွာသားဆိုတော့ မောင်ပေါ်ဦးဟာ တန့်ဆည်ရွာ ဇာတိသားလို့လည်း ပြောရမှာပဲ။ မောင်ပေါ်ဦးဘဝကနေ အမတ်ကြီး ဦးပေါ်ဦးဖြစ်လာသူဟာ တန့်ဆည်ငါးမူး၊ ရွှေလင်းဆွဲ ငါးမူးပေါင်းမှ တစ်ကျပ်ပြည့်ရွာသား၊ ကျပ်ပြည့်ဇာတိသား၊ တင်းပြည့်ဇာတိသား၊ တောင်းပြည့်ဇာတိသား ဖြစ်လာတာလို့လည်း ဆိုမယ်ဆိုရင် ဆိုနိုင်တယ်’။

‘ဒီအမတ်ကြီး ဦးပေါ်ဦးဟာ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ အင်္ဂါနေ့ အသက် ၇၉နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့ပါတယ်’။

‘တိုင်းကျော်၊ ပြည်ကျော်တဲ့ အမတ်ကြီး ဦးပေါ်ဦးရဲ့ ဆွေစဉ်မျိုးဆက်ဆိုပြီး မာနတံခွန်ထူဖို့ ပြောနေတာ မဟုတ်ပါဘူးဗျာ။ လူရယ်လို့ ဖြစ်လာကြတဲ့ လူတွေဟာ ဇာတိကို မပစ်ပယ်စေချင်လို့ ပြောနေတာပါဗျာ’။

‘အခု-ဒီရွာက စိုးမြင့်+ညိုမြတို့ရဲ့သား မောင်ပဥ္စင်း မောင်နန္ဒာစရိယဟာလည်း တော်တော်တန်တန် ရဟန်းတွေ မအောင်မြင်နိုင်တဲ့ အဘိဓံသာဘွဲ့ကြီးကို အောင်မြင်ထားတဲ့အတွက် ရွှေလင်းဆွဲရွာ နန္ဒာစရိယလင်္ကာရာဘိဝံသဆိုတဲ့ ရဲရဲတင်းတင်း ခံယူပါ’လို့ ပြောချင်ပါတယ်။

စကားဝိုင်းက ရပ်သွားတယ်။ ရဟန်းတော်လေးဆီကို စူးစူးစိုက်စိုက်ကြည့်နေကြတယ်။

ရဟန်းတော်လေးကတော့ ဘာမျှပြန်မမိန့်။

## စက်ရေတွင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင် ဆောက်လုပ်လျက်ရှိ

**တပ်ကုန်း ဩဂုတ် ၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စိန်ပန်းပင်ကျေးရွာ ပြည်သူများ သောက်သုံးရေလွယ်ကူစွာ သုံးစွဲနိုင်ရန် စက်ရေတွင်းနှင့် ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင် တစ်ခုကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ပေးလျက်ရှိသည်။ **(ယာပုံ)**

စက်ရေတွင်း၊ ရေစင်နှင့် ဆက်စပ်လုပ်ငန်းတည်ဆောက်ရေးကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်း ကြီးကြပ်၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၈ သန်းဖြင့် ဆောင်ရွက်လျက်ရှိ၍ စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ပြီးစီးသွားပါက စိန်ပန်းပင်ကျေးရွာမှ အိမ်ခြေ ၁၇၀ အိမ်၊ လူဦးရေ ၆၀၀ ကျော်အတွက် သန့်ရှင်းသော သောက်သုံးရေများ လုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဖွင့်ပွဲ ကျင်းပ

**ဟိုပုံး ဩဂုတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ဩဂုတ် ၁ ရက် နံနက် ၈ နာရီက မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများ က စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။ ၎င်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သင်တန်းသုံးပစ္စည်းများအား ကြည့်ရှုအားပေးခဲ့ပြီးနောက် သင်တန်းလုပ်ငန်းခွင်အား ကြည့်ရှုခဲ့သည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

*-*-*-*-*

## အာဟာရ ရက်သတ္တပတ်အကြို ကျန်းမာရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**အောင်လံ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (အောင်လံ)နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (အောင်လံ)တို့ကြီးမှူး ကျင်းပသော အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက အောင်လံမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး)ကိုယ်စား ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန် အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာပေါ်တွင်ရှိသော လူသားအားလုံး မွေးဖွားလာစဉ်ကတည်းက အသက်ရှင်သန်ရေး၊ ကိုယ်ခန္ဓာ ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် သန့်ရှင်းပြီး လိုအပ်သော အာဟာရဓာတ်ပြည့်ဝသော အစားအစာများ နေ့စဉ်စားသုံးရန်လိုအပ်ကြောင်း ပြောကြားခဲ့ပြီး၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က အာဟာရ ရက်သတ္တပတ် ကျန်းမာရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ အကျယ်တဝံ့ ရှင်းလင်းပြောကြားပေးခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး၊ အာဟာရဆိုင်ရာ ကျန်းမာရေးလှုပ်ရှားမှုပြခန်းနှင့် မူလတန်းကျောင်းသား၊ကျောင်းသူများ ဆေးရောင်ခြယ်ယှဉ်ပြိုင်နေမှုအား လှည့်လည်ကြည့်ရှုခဲ့ပြီး ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသော မူလတန်းကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)




## ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊သရက်မြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်း သုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ် စည်ပင်သာယာရေး မြို့မဈေး အတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ် အိတ်အစား ငှက်ပျောဖက်၊အင်ဖက် စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းလှုပ်ရှားမှု နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်း ကို ဩဂုတ် ၂ ရက် နံနက် ၈နာရီ ခွဲက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီး ဌာနမှ ဝန်ထမ်းများ၊ စားသုံးသူ ရေးရာဦးစီးဌာနမှဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ ဈေးရောင်း၊ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာ တွင် လက်ဆွဲခြင်းများ၊ ထည့်စရာ ယူဆောင်လာရန် အသိပညာပေး ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊စက္ကူ အိတ်များ အခမဲ့ ဖြန့်ဝေကာ ပလတ်စတစ်အိတ် ကြွပ်ကြွပ် အိတ်အသုံးပြုမှုလျှော့ချရေးအသိ ပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။ **စော်ထက်(သရက်)**



## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်း ကော်မတီ ရွေးချယ်ဆောင်ရွက်ပွဲ စည်းခြင်း

**မိတ္ထီလာ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ထပ်တိုးအကောင်အထည် ဖော်ဆောင်ရွက်မည့် မုန်တိုင် ကျေးရွာအုပ်စု၊ မုန်တိုင်ကျေးရွာ၌ (VDP)စီမံကိန်းမိတ်ဆက်ရှင်း လင်းခြင်းနှင့် ကော်မတီဖွဲ့စည်း ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီး ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်း ငြိမ်းဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ် ချက်၊ အကျိုးကျေးဇူးများ၊ ဆောင် ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံ ကိန်းလက်စွဲပါ ကော်မတီရွေး ချယ်ရာတွင် လိုက်နာရန် အချက် များ၊ ကော်မတီဝင်များ၏ တာဝန် များ၊ အကျုံးဝင်သော စီမံကိန်း လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်း ဥပဒေပါ ကျေးလက်နေပြည်သူ များ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ဆွေးနွေးပြောကြားခဲ့သည်။ ဆက် လက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းစီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဝင်းခိုင်ဦးက လက်စွဲပါစာစောင်နှင့်အညီ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော် မတီဝင် ၁၁ဦးကို ရွေးချယ်ဖွဲ့စည်း ပေးခဲ့သည်။

မိတ္ထီလာမြို့နယ် မုန်တိုင် ကျေးရွာ၌ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာ ရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း(VDP) ထပ်တိုးကျေးရွာ ထောက်ပံ့ငွေ ကျပ် သိန်းတစ်ရာ့ငါးဆယ်နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက အနီးကပ် ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာ သားများကိုယ်တိုင် ကျေးရွာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွား မည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

(၄၆၉)

*-*-*-*-*

## ပြီးခဲ့သည့် ဘဏ္ဍာနှစ် မွေးမြူရေးလုပ်ငန်းတွင် ထုတ်ချေးထားသည့် ချေးငွေမှ အတိုး ငွေကျပ်သိန်း ၂၅၀ ရရှိ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး အတွင်း မွေးမြူရေးလုပ်ငန်းများ တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံ ငွေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ထုတ်ချေးထားသည့် ချေးငွေအတိုး ငွေကျပ်သိန်း ၂၅၀ ရရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ သိရ သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးမှ ခရိုင် ၅ ခု၊ မြို့ ၅မြို့သို့ အသားစားကြက် မွေးမြူရေးလုပ်ငန်းနှင့် အသားတိုး ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူများကို နိုင်ငံ့စီးပွားရေးမြှင့်တင် ရန်ပုံငွေဖြင့် ချေးငွေများထုတ်ချေး ပေးခဲ့ရာ အဆိုပါချေးငွေများကို အကြေဆပ်ပြီး အတိုးငွေကျပ် သိန်း၂၅၀ရရှိသည်။

ယင်းချေးငွေကို တစ်နှစ် ကာလဖြင့် ထုတ်ချေးပေးခဲ့ပြီး အတိုးနှုန်းမှာ တစ်ရာခိုင်နှုန်းဖြစ်ပြီး ချေးယူသူ ၂၈ ဦးရှိကြောင်း၊ ချေး ငွေထုတ်ပေးမှုအနေဖြင့် ကြက် မွေးမြူရေးလုပ်ငန်းတွင် တစ်ယူနစ် ကြက်ကောင်ရေ ၃၀၀၀ ချေးငွေ ကျပ်သိန်း ၁၅၀၊ ဝက်မွေးမြူရေး လုပ်ငန်းတွင် တစ်ယူနစ် ဝက် ကောင်ရေ ၁၀၀၀ ချေးငွေကျပ် သိန်း ၁၅၀ ထုတ်ချေးပေးခြင်း ဖြစ်သည်။

ယခုဘဏ္ဍာနှစ်တွင် မွေးမြူ ရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင် ရန်နှင့် ပြည်ပထုတ်ကုန်တိုးမြှင့် တင်ပို့နိုင်ရန်အတွက် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများကို ချေးငွေ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ) ရွှေမန်း**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ဦးပိုင်နံပါတ်(၃၅)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဇော်ဟိန်းလတ်(ဘ)ဦးမြင့်ရွှေ(၇/သနပ(နိုင်)၀၈၁၉၄၉)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးအောင်မြင့်စိုး (ဘ)ဦးစောသန်းထွေး(၅/မကန(နိုင်)၀၅၁၄၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဇော်ဦး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၀၀-၃ / ၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ➤ ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်နံပါတ်(၁၃၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၄၀ × ပေ ၆၀)အကျယ်အဝန်းရှိ ဦးသန်းစိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိအိမွန်(ဘ)ဦးထွန်းရွှေ(၉/မရတ(နိုင်)၁၂၀၃၀၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း(LL.M) တရားလွှတ်တော်ရှေ့နေ**

**၅၈-အေလမ်းနှင့် ၅၈-ဘီလမ်းကြား၊ ၂၅လမ်းနှင့် ၂၆လမ်းကြား၊ မဟာဓေယျာဘုံ ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၀၂၆၀၆၀၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ အကွက်အမှတ်(၄၉၈-က)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ(၀ ဒသမ ၁၁)ဧကရှိ ဂရန်မြေအတွင်းမှ မြောက်ဘက်ခြမ်း အရှေ့အနောက်(ပေ ၆၀)၊ တောင်မြောက်(၃၅ ပေ)အကျယ်ရှိ မြေနေရာနှင့် ယင်းမြေကွက်ပေါ်တွင် သွယ်တန်းထားသော ရေ၊ မီးမီတာအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံများနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်ထွေးမြင့်(ဘ)ဦးစံသိန်း(၉/မနမ(နိုင်)၀၅၆၅၇၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးတင်စော်လတ်(LL.B) ဦးရဲကျော်သူ(LL.B) ဦးငြိမ်းချမ်းကျော်(LL.B) ဦးစည်သူမြင့်(LL.M)**

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ**

**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။**

**ဖုန်း ➤ ၀၉-၄၀၂၆၂၂၄၇၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်(ဆဆ-၁၃)၊ ဦးပိုင်အမှတ်(၇၉)နေ ဦးသိန်းစိုး(ဘ)ဦးအောင်စိန် မှတ်ပုံတင်အမှတ်(၉/ခအဇ(နိုင်) ၀၃၉၅၃၂)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်(ဆဆ-၁၃)၊ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)၊ (ပေ ၄၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်မောင် အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပြီး မြေကွက်နေရာချထားပေးခြင်းခံရသူ ဦးတင်မောင်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသိန်းစိုးက ယနေ့အချိန်အထိ လက်ရှိထား ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်အား ဦးသိန်းစိုးမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ လက်ရှိထားနေထိုင်ပိုင်ဆိုင်ခြင်းမရှိကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမောင်မောင်အေး(LL.B) အထက်တန်းရှေ့နေ**

**အမှတ်(၁၅၉)၊ အကွက်(ငင-၇)၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၂၀၇၃၃၀၃၆၊ ၀၉-၂၅၁၅၆၀၀၄၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်နံပါတ်(၂၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၄၀ × ပေ ၆၀)အကျယ်အဝန်းရှိ ဦးပိုက် အမည်ပေါက် ဂရန်မြေကွက်၏အရှေ့ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဖြိုး(ဘ)ဦးသိန်းအောင်(၉/အမဇ(နိုင်)၀၄၂၃၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစ်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်နံပါတ်(၂၅-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဒေါ်ယုယု အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးပြည့်ဖြိုးနိုင်(ဘ)ဦးဝင်းနိုင်(၅/ရဥန(နိုင်)၀၉၄၉၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစ်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်နံပါတ်(၁၂၄-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးလှမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းလှိုင်(ဘ)ဦးစိန်မိုး(၉/မနမ(နိုင်)၀၂၀၀၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစ်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၂၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးအောင်ကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးငြိမ်းချမ်း(ဘ)ဦးအောင်ဆယ်(၉/ငဇန(နိုင်)၀၉၇၈၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၂)၊ ဦးပိုင်နံပါတ်(၄၃)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်စန္ဒာရီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း(ပေ ၃ ၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နော်မြတ်သူ(ဘ)ဦးကျော်သန်း(၉/မဟမ(နိုင်)၀၄၄၈၇၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းရှာ၍ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ် အသင်းနှင့် မွန်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၈

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

### ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ် အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်၊ ခွန်စံလွင်နှင့် ဒေါက်တာဘရွှေတို့က

စာမျက်နှာ ၃ သို့ »»